# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၁ ရက်၊ ၂၀၀၆ ခုနှစ်၊ စက်တင်ဘာ ၂ ရက်၊ စနေနေ့၊ အတွဲ(၄၅)၊ အမှတ် (၁၃၄)


### နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

## နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဗီယက်နမ်သမ္မတထံဝမ်းမြောက်သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၀၆ခုနှစ် စက်တင်ဘာ ၂ ရက်တွင် ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၁)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ငုယင်မင်ကျစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

## ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေး ဗီယက်နမ်နိုင်ငံအမျိုးသားနေ့သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၀၆ခုနှစ် စက်တင်ဘာ၂ရက်တွင် ကျရောက်သော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၁)နှစ်မြောက် အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးထံမှ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ ဒုတိယသမ္မတ မဒမ်ကျူရုန်းမီဟွားထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

## အရည်အချင်းပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအောင်မြင်ရေးကြိုးပမ်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စံနမူနာပြဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲခရိုင် မိုးမိတ်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတို့မှ တာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၃၀ရက် နံနက်ပိုင်းတွင် မိုးမိတ်တပ်နယ်ခန်းမ၌ တပ်နယ်အတွင်းရှိ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ၌ ပြည်သူတို့နှင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စံနမူနာပြဖြစ်အောင်ဆောင်ရွက်ရေး၊ ခြံစည်းရိုးကြက်ဆူပင်များ တိုးချဲ့စိုက်ပျိုးရေး၊ တညင်းပင်နှင့် ထောပတ်ပင် စသည့် နှစ်ရှည်ပင်များ စိုက်ပျိုးရေးတို့ကို မှာကြားပြီး မိသားစုဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻



### ခြံစည်းရိုး ကြက်ဆူပင်စိုက်ခင်း ကြည့်ရှုစစ်ဆေး

**နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် မိုးမိတ်မြို့နယ် ပဒါန်းကျေးရွာအုပ်စုရှိ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။**

(သတင်းစဉ်)

## မြန်မာ့အလင်း

### အင်တာနက်သတင်းနှင့် အားကစားအညွှန်း



**သစ်သီးဖျော်ရည် ပုံမှန်သောက်ခြင်းဖြင့် အယ်ဇိုင်းမားရောဂါကို ကာကွယ်ဟန့်တားနိုင်**

အင်တာနက်သတင်းနှင့် ဓာတ်ပုံ (စာ-၆)






**အာဆင်နယ်မှ အက်ရှ်လေကိုး ချယ်လ်ဆီး ရောက်လာပြီ**

အားကစားအညွှန်း (စာ-၁၂)

**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

2-9 (01).p65 1 9/2/06, 1:03 AM

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်)

# ပိုလီယိုကင်းစင်ရေး ဝိုင်းဝန်းထိန်းသိမ်းပေး

ကမ္ဘာပေါ်မှ ပိုလီယိုရောဂါဆိုးကြီးကို အပြီးတိုင်မောင်းထုတ်နိုင်ရန် (၁) ပိုလီယို ကာကွယ်ဆေး ပုံမှန်တိုက်ကျွေးခြင်း၊ (၂)အမျိုးသားကာကွယ်ဆေးတိုက်နေ့များ ကျင်းပခြင်း၊ (၃) လတ်တလော ပျော့ခွေ အကြောသေရောဂါ မျက်ခြည်မပြတ် စုံစမ်းထောက်လှမ်းခြင်းနှင့် (၄)အိမ်တိုင်ရာရောက် ကောက်သင်းကောက် ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းဟူသည့် နည်းဗျူဟာလေးရပ် ချမှတ်ခဲ့ပြီး ၁၉၈၈ခုနှစ်မှ စတင်ကျင့်သုံး အကောင်အထည်ဖော်ခဲ့သည်။

မြန်မာနိုင်ငံသည် ၂၀၀၀ပြည့်နှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့က ပိုလီယိုအရိုင်းပိုး နောက်ဆုံးတွေ့ရှိခဲ့ပြီး သုံးနှစ်ဆက်တိုက် ပြတ်တောက်နိုင်ခဲ့၍ ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် ပိုလီယိုကင်းစင်သောနိုင်ငံအဖြစ် ဒေသဆိုင်ရာ အသိအမှတ်ပြုကော်မတီမှ အသိအမှတ်ပြုခံခဲ့ရသည်။

၂၀၀၆ခုနှစ် မေလ ၂၃ ရက်နေ့က မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်မှ လတ်တလော ပျော့ခွေ အကြောသေရောဂါ ဝေဒနာရှင်တစ်ဦးတွင် Vaccined˚˚Drived Polio Virus (VDPV) ပိုးအမျိုးအစားကို တွေ့ရှိခဲ့ရသည်။ ယင်းပိုးအမျိုးအစားသည် ပိုလီယို အရိုင်းပိုးကဲ့သို့ရောဂါ ဖြစ်ပွားစေနိုင်ပြီး ကူးစက် ပျံ့နှံ့မှုမြန်ဆန်သော ပိုးအမျိုးအစားဖြစ်၍ ယင်းပိုးအမျိုးအစားပျံ့နှံ့မှုကို အချိန်မီထိန်းချုပ်နိုင်ရန် ကူးစက်နိုင်ခြေရှိသည့် ပိုးတွေ့ရှိရာ မန္တလေးတိုင်း ပြင်ဦးလွင်မြို့နယ်မှ မိုင် ၁၀၀ ပတ်လည်ရှိ ပြည်နယ်၊ တိုင်းငါးခုမှ မြို့နယ်၈၀ ကို ရွေးချယ်ဖော်ထုတ်ပြီး လာမည့် စက်တင်ဘာလ ၃ရက်နေ့တွင် ပထမအကြိမ်နှင့် အောက်တိုဘာလ ၁ ရက်နေ့တွင် ဒုတိယအကြိမ်အဖြစ် ငါးနှစ်အောက်ကလေးပေါင်း နှစ်သန်းကျော်ကို ရာခိုင်နှုန်းပြည့် ပိုလီယိုကာကွယ်ဆေး တိုက်ကျွေးသွားမည်ဖြစ်သည်။

မြန်မာနိုင်ငံ၌ ပိုလီယိုအကြောသေရောဂါ လုံးဝအမြစ်ပြတ် ပပျောက်မှုကို ဆက်လက် ထိန်းသိမ်းထားနိုင်ရန်အတွက် အသစ်ထပ်မံမွေးဖွားလာသော အသက်တစ်နှစ်အောက် ကလေးငယ်များကို ပုံမှန်ပိုလီယိုကာကွယ်ဆေး သုံးကြိမ်တိုက်ကျွေးရမည်ဖြစ်သည်။

မျိုးဆက်သစ် လူငယ်ကလေးများ၏ ကျန်းမာကြံ့ခိုင်ရေးသည် အဓိကကျသည့်ကဏ္ဍမှ ပါဝင်နေသည်ဖြစ်ရာ မြန်မာနိုင်ငံ၏ ပိုလီယိုကင်းစင်သောအခြေအနေကို ဝိုင်းဝန်းထိန်းသိမ်း သွားကြရမည် ဖြစ်ပေသည်။ ။

## ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# ဝန်ကြီးဗိုလ်ချုပ်စိုးနိုင်ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးသို့တက်ရောက်ခဲ့ အခြေခံခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး ပူးပေါင်းဆောင်ရွက်ရန်လက်မှတ်ရေးထိုး

### အစည်းအဝေးတက်ရောက်

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိုးနိုင် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျော့ဂျာကာတာမြို့တွင် ကျင်းပသော ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်ခြောက်နိုင်ငံရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေးတက်ရောက်စဉ်။** (ဟိုတယ်/ခရီး)



နေပြည်တော် စက်တင်ဘာ ၁

**ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျော့ဂျာကာတာမြို့၌ ဩဂုတ်၂၇ရက်မှ၃၀ရက်အထိ ကျင်းပခဲ့သည့် ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်ခြောက်နိုင်ငံ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ခရီးသွားလုပ်ငန်းဝန်ကြီးများအစည်းအဝေး၊ အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးနှင့် နီးနှောဖလှယ်ပွဲသို့တက်ရောက်ခဲ့ပြီးနောက် ယမန်နေ့နံနက်ပိုင်းက လေကြောင်းခရီးဖြင့် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာကြသည်။**

ဝန်ကြီးဗိုလ်ချုပ်စိုးနိုင် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့်အတူ အဖွဲ့ဝင်များ ဖြစ်ကြသည့် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမောင်နှင့် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသူအောင်တို့လည်း ပြန်လည် လိုက်ပါလာကြသည်။

**တက်ရောက်**

အင်ဒိုနီးရှားသမ္မတနိုင်ငံ၌ ရှိနေစဉ် ဟိုတယ်နှင့် ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်သည် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးသူအောင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအေးမောင်တို့နှင့်အတူ ဩဂုတ် ၂၈ ရက် ဒေသစံတော်ချိန် နံနက်၈နာရီခွဲတွင် အင်ဒိုနီးရှား သမ္မတနိုင်ငံ ဂျော့ဂျာကာတာမြို့ရှိ Mercure Hotel ၌ ကျင်းပသော ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မြန်မာ၊ ထိုင်း၊ ဗီယက်နမ် ခြောက်နိုင်ငံ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ် ဆိုင်ရာ ခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေးဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

ထို့နောက် ဝန်ကြီးသည် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယ ဝန်ကြီးများနှင့်အတူ ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်လက်ရာ Borobudur˚ စေတီအား သွားရောက်လေ့လာ ဖူးမြော်ခဲ့သည်။ ဆက်လက်၍ ဝန်ကြီးသည် ညနေပိုင်းတွင် ဂျော့ဂျာကာတာရှိ Amonjiwo Hotel ၌ ကျင်းပသော ခြောက်နိုင်ငံ ရှေးဟောင်း ယဉ်ကျေးမှု အမွေအနှစ်ဆိုင်ရာ ခရီးသွားလုပ်ငန်း ဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်ပြီး အမှာစကား ပြောကြားခဲ့သည်။

**လက်မှတ်ရေးထိုး**

အစည်းအဝေးအပြီးတွင် ဝန်ကြီးသည် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ ယဉ်ကျေးမှု အမွေအနှစ်ကို အခြေခံသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်း ဆောင်ရွက်ရေးအတွက် Borobudur Declaration ကို လက်မှတ်ရေးထိုးကြသည်။ ထို့နောက် ဝန်ကြီးသည် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် အတူ အမှတ်တရ ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**ကြည့်ရှုအားပေး**

ဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ညပိုင်းတွင် ဂျော့ဂျာကာတာ မြို့တော်ဝန်က တည်ခင်းဧည့်ခံသော ညစာစားပွဲသို့ တက်ရောက်ပြီး အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ Borobudur စေတီ သမိုင်းကြောင်း တင်ဆက်ပြသမှုကို ကြည့်ရှုအားပေးခဲ့ကြသည်။

ဝန်ကြီးသည် ဩဂုတ် ၂၉ရက် ဒေသစံတော်ချိန် နံနက်၁၀နာရီတွင် အဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ အင်ဒိုနီးရှား သမ္မတနိုင်ငံ ဂျော့ဂျာကာတာမြို့ရှိ မာဒေးကားနန်းတော်သို့ သွားရောက်ကြပြီး အင်ဒိုနီးရှားသမ္မတ Dr. Susito Ban Bung Yudoyono အား တွေ့ဆုံဂါရဝပြု နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**မိခင်ကြီး ဒေါ်မြင့်မြင့်သက်အားရည်စူး၍ ဒဂုံမြို့နယ် အမှတ်(၇၅)စီ ဗိုလ်ရာညွှန့်လမ်း ယောမင်းကြီးရပ်ကွက်နေ သမီး မနှင်းနှင်းနှင့် ညီအစ်မများက ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန် (ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ (ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ငါးသိန်းလှူဒါန်းရာ ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးလှထွန်း လက်ခံယူစဉ်။** (က-ပ)

## မြဝတီရုပ်မြင်သံကြား

**၂-၉-၂၀၀၆ (စနေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၂၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၃၀ | ၅။ | မြန်မာသံစဉ်ချိုနားဝင် |
| ၇:၄၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၅၀ | ၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၈။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၉။ | ဆရာတော် ဦးဃောသိတ တရားတော် |
| ၉:၁၀ | ၁၀။ | နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဂုဏ်ပြုအစီအစဉ် **ဘယ်သူပြိုင်လို့လှပါတော့နိုင်** |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂:၂၀ | ၄။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၁၂:၃၀ | ၅။ | ရုပ်မြင်သံကြားဇာတ်လမ်း **"ပဉ္စလက်ရင်ခွင်"** (ဒွေး၊ မင်းဦး၊ ထက်ထက်မိုးဦး၊ အိန္ဒြာကျော်ဇင်) |
| ၁၃:၅၀ | ၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | ချစ်သူစုံတွဲ တူယှဉ်ရွှဲ |
| ၄:၁၅ | ၄။ | ရင်ခုန်စီးဆင်းအချစ်သီချင်း |
| ၄:၃၅ | ၅။ | နားဝင်ငြိမ့်စီးသီချင်းကြီး |
| ၄:၄၅ | ၆။ | မျိုးချစ်တပ်မတော် |
| ၅:၀၀ | ၇။ | အလွမ်းတေးပန်းချီချစ်သူဆီ |
| ၅:၁၀ | ၈။ | ပျော်ရွှင်စရာ သရုပ်ဆောင်ကမ္ဘာ |
| ၅:၄၅ | ၉။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၆:၀၀ | ၁၀။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၁။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၂။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၃။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၀ | ၁၄။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၆:၄၀ | ၁၅။ | လျှပ်တစ်ပြက် |
| ၇:၀၀ | ၁၆။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၅၁) |
| ၈:၀၀ | ၁၇။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၉။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဘက်မတူတဲ့တက်လူ"** (အပိုင်း-၃) |

### ✡ ကျောဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် မအီ-တောင်ကုတ်-ကျောက်ဖြူ ကားလမ်းဘေးရှိ မအီမြို့ (၁၆)ခုတင်ဆံ့ ဆေးရုံ ဆောက်လုပ်ခြင်း စီမံကိန်း လုပ်ငန်းခွင်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ပန်းရည်ဘဏ်တိုက် ဆောက်လုပ်ရေးကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးဂုဏ်ရည်အောင်က ဆေးရုံဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်း တင်ပြချက် အပေါ် ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ဆေးရုံအတွက်လိုအပ်သော အရေးပေါ်သုံး လျှပ်စစ်မီးစက်နှင့် သန့်ရှင်းသော ရေရရှိရေး၊ ဆေးရုံဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ လုပ်ငန်းအားလုံးပြီးစီးအောင် ဆောင်ရွက်ရန် မှာကြားပြီး ဆေးရုံတည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

#### ကျန်းမာရေးစောင့်ရှောက်မှု

အဆိုပါ ဆေးရုံအဆောက်အအုံအသစ်သည် စတုရန်းပေ ၁၀၄၃၆ ဒသမ ၅ရှိ မြေပေါ်တွင် အုတ်တိုက်အမျိုးအစားဖြစ်ပြီး လုပ်ငန်းအားလုံးပြီးစီးပါက မအီမြို့ရှိ ရပ်ကွက်(၄) ရပ်ကွက် အနီးဝန်းကျင်ကျေးရွာ (၁၀) အုပ်စုတို့မှ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု ပေးနိုင်မည်ဖြစ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် မအီမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများအား တွေ့ဆုံဆွေးနွေးမှာကြားသည်။

#### ဖြည့်စွက်တင်ပြ

အစီအစဉ်အရ မအီမြို့နယ် အုပ်ချုပ်ရေးမှူး ဦးကျော်လင်းစိုးက ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မှုအခြေအနေများကိုရှင်းလင်းတင်ပြရာတာဝန်ရှိသူများနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မအီတွင် ဆန်ဖူလုံမှုရရှိနေပြီး စာသုံးဆီဖူလုံမှုရရှိရန် တာဝန်ရှိသူများ ညှိနှိုင်း၍ တိုးမြှင့်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဒေသစီးပွားတိုးတက်နိုင်မည့် ရော်ဘာ၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးခြင်းတို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ မွေးမြူရေးတွင် ဒေသကြက်၊ ဘဲမွေးမြူရေးလုပ်ငန်းများကို အိမ်ထောင်တစ်စုချင်းအလိုက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် ဒေသရိက္ခာဖူလုံရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် နိုင်ငံတော်က ချမှတ်ပေးထားသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် စီမံကိန်းနှင့်အညီ ဒေသဖွံ့ဖြိုးရေးအတွက် အောက်ခြေအထိ ကွင်းဆင်း လုပ်ဆောင်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက မအီမြို့ရှိ အခြေခံပညာကျောင်းများသို့ ထောက်ပံ့ငွေ၊ ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများ ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဦးတင်ဌေးက လက်ခံသည်။

#### ကြည့်ရှုစစ်ဆေး

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာရာ မအီ-တောင်ကုတ် လမ်းတစ်လျှောက်လမ်းများ အခြေအနေနှင့် လမ်းဘေးဝဲယာ၌ မိုးစပါး၊ ရော်ဘာစိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် နံနက် ၁၀ နာရီခွဲတွင် တောင်ကုတ်မြို့ မြို့နယ်ခန်းမသို့ရောက်ရှိကြပြီး ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများအား တွေ့ဆုံသည်။

#### ရှင်းလင်းတင်ပြ

အစီအစဉ်အရ သံတွဲခရိုင် အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးလှတင့်က ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်မှုများကိုရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တောင်ကုတ်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးစိုးသန်းက မြို့နယ်ဆိုင်ရာ အချက်အလက်များ၊ မြေယာအသုံးချမှုနှင့် အဓိကသီးနှံ(၁၀)မျိုးစိုက်ပျိုးမှု၊ မိုးစပါးနှင့် အခြားသီးနှံစိုက်ပျိုးပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြရာ တာဝန်ရှိသူများနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်တို့က ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

#### လက်တွဲကြိုးပမ်း

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် တောင်ကုတ်မြို့နယ်တွင် ဝမ်းစာစပါး ဖူလုံပြီးဖြစ်သော်လည်း စပါးကို ဆက်လက်တိုးချဲ့စိုက်ပျိုးကြရန်လိုကြောင်း၊ ရော်ဘာ၊ ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူကိုလည်း ဖြစ်ထွန်းအောင်မြင်အောင် စိုက်ပျိုးကြရန်လိုကြောင်း၊ဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသခံပြည်သူများနှင့် လက်တွဲကြိုးပမ်း ဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက တောင်ကုတ်မြို့နယ်ရှိ အခြေခံပညာကျောင်းသို့ ထောက်ပံ့ငွေ ကျောင်းသုံးဗလာစာအုပ်နှင့်ခဲတံများပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းစိန်က လက်ခံသည်။

#### ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် တောင်ကုတ်တပ်နယ်ရှိ အရာရှိ စစ်သည် မိသားစုဝင်များအား တွေ့ဆုံကာ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းအောင်မြင်ရေးအတွက် ဌာနဆိုင်ရာများ ဒေသခံပြည်သူများနှင့် လက်တွဲပူးပေါင်းဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရေး ရှင်းလင်းမှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တောင်ကုတ်တပ်နယ်၏ ငရုတ်ကောင်းမျိုးပင် ၈၀၀၀၀ ပျိုးခင်းနှင့် စိုက်ပျိုးပြီး ငရုတ်ကောင်းပင် ၅၀၀၀၀ စိုက်ခင်းကို လှည့်လည် ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

#### ကြက်ဆူပင်စိုက်ပျိုးပွဲ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ရွှေမေတ္တာဘိုးဘွားရိပ်သာဘေးရှိ မြေကွက်လပ်၌ ကျင်းပသော တောင်ကုတ်မြို့ မိုးရာသီခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းက ခြံစည်းရိုးကြက်ဆူပျိုးပင်များကို လူမှုရေးအသင်း အဖွဲ့များမှ ကိုယ်စားလှယ်များအား ပေးအပ်သည်။

#### ကြည့်ရှုအားပေး

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ခြံစည်းရိုးကြက်ဆူ ပျိုးပင်များကို စိုက်ပျိုးပေးကြပြီး တက်ရောက်လာကြသူများ၏ ခြံစည်းရိုးကြက်ဆူပျိုးပင် ၁၂၀၀၀ စိုက်ပျိုး နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့် အဖွဲ့ဝင်များသည် တောင် ကုတ် - ပန်းတောင်းလမ်း အတိုင်း ထွက်ခွာလာကြရာ မိုင်တိုင်အမှတ်(၇၇)သို့ ရောက်ရှိပြီး လမ်းပြုပြင်ဖောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီးနောက် တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားသည်။

#### အထူးဂရုပြုဆောင်ရွက်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် လမ်းဖောက်လုပ်ရေး အထူးအဖွဲ့ (၈) ၏ မြယာစခန်းသို့ရောက်ရှိကြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိန်မြင့်နှင့် တာဝန်ရှိသူများက ကြိုဆိုကြပြီး ရှင်းလင်းဆောင်၌ လမ်းဆောက်လုပ်ရေး အထူးအဖွဲ့(၈) အင်ဂျင်နီယာမှူး ဦးအောင်ဌေးက တောင်ကုတ်-ပန်းတောင်းလမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မှုများနှင့်ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကိုရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက မိုးရာသီကာလတွင် လမ်းပြတ်တောက်မှု မရှိစေရေး၊ လမ်းနယ်ကျဉ်းသည့်နေရာများတွင် ကတုတ်များကို စနစ်တကျ ပြုလုပ်၍ မြေထိန်းသိမ်းဆောင်ရွက်ရေး၊ လမ်းချိုင့်များကို အမြဲမပြတ်ကြည့်ရှုဖာထေးပြီး မိုးရာသီ တစ်လျှောက်လုံးလမ်းကောင်းမွန်ရေး အတွက် အထူးဂရုပြုဆောင်ရွက်ကြရန် မှာကြားသည်။

#### စည်းရုံးဆောင်ရွက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းသည် ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌဗိုလ်မှူးကြီး စိန်မြင့်နှင့်တာဝန်ရှိသူများ လိုက်ပါလျက် ဆက်လက်ထွက်ခွာလာရာ မိုင်တိုင်အမှတ်(၃၇/၄) ညောင်ကျိုး၌ ပြည်တပ်နယ်မှ စိုက်ပျိုးထားသော ကော်ဖီ ၂၉ဧက စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး တပ်ရင်းတပ်ဖွဲ့များ၊ ဌာနဆိုင်ရာများအနေဖြင့် ကော်ဖီတိုးချဲ့စိုက်ပျိုးရေး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များ တိုးတက်ပါဝင် စိုက်ပျိုးရေးအတွက် စည်းရုံးဆောင်ရွက်ရေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ခင်မောင်သန်းနှင့်အဖွဲ့ဝင်များသည် ဆက်လက်ထွက်ခွာလာရာ ညပိုင်းတွင် ပြည်မြို့သို့ရောက်ရှိကြသည်။

**(သတင်းစဉ်)**



ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ တိုက် ၂၃ အခန်း ၁၅ နေ ဒေါ်လှထွေးမိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋကတိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးအတွက် အလှူတော်ငွေကျပ်တစ်သိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) ဒုတိယဥက္ကဋ္ဌ ဆရာကြီးဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

## မိတ္ထီလာဆရာတော် ဝါတွင်းမိုးကုတ်စခန်းပွဲ

**ရန်ကုန် စက်တင်ဘာ ၁**

မန္တလေးတိုင်း မိတ္ထီလာမြို့နယ် မြာရဝေကျေးရွာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော ခုနစ်ရက် တရားစခန်းပွဲကို တော်သလင်းလပြည့်ကျော် ၁ရက်မှ ၇ရက်အထိ ကျင်းပမည်ဖြစ်သည်။ ယင်းတရားစခန်းပွဲကြီးကို မိတ္ထီလာမြို့ ကံဦးရပ် ကြည်ကုန်းနယ်မြေကျောင်းသစ်ကျောင်း မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ခွဲ အမှတ်(၁၂၉)၏ ပဓာနနာယက မိတ္ထီလာဆရာတော် ဘဒ္ဒန္တပညာစာရ(ကမ္မဋ္ဌာနာစရိယ)က ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ဟောကြားမည်ဖြစ်ပြီး ဆရာတော်၏ နိဗ္ဗာန်သွားလမ်းပြဝိပဿနာစာအုပ်ကို အမြို့မြို့ဆိုင်တိုင်းတွင် ပူဇော်နိုင်ကြောင်း သိရသည်။ **(က-ပ)**




## စံပြသင်တန်းသူဆုနှင့်သေနတ်ပစ်ထူးချွန်ဆုရသူအား ထပ်ဆင့်ဂုဏ်ပြုပွဲ အခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁**

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်ခဲ့သော အခြေခံဝန်ထမ်းလောင်း သင်တန်းအပတ်စဉ်(၁၇၁)၌ စံပြသင်တန်းသူဆုနှင့်သေနတ်ပစ်ထူးချွန်ဆုရရှိခဲ့သည့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီးမှ လက်ထောက်ဆရာဝန် ဒေါက်တာဒေါ်ဝင်းဝင်းဝါအား ထပ်ဆင့်ဂုဏ်ပြုပွဲအခမ်းအနားကို ယမန်နေ့က ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၌ကျင်းပရာ ဆေးရုံအုပ်ကြီး ဒေါက်တာဒေါ်လှကြင်က ဂုဏ်ပြုစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန၏ ဂုဏ်ပြုလွှာနှင့် ရန်ကုန်အထွေထွေရောဂါကုဆေးရုံသစ်ကြီး၏ ဂုဏ်ပြုလက်ဆောင်တို့ကို ဂုဏ်ပြုချီးမြှင့်ခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား

**၂-၉-၂၀၀၆ ရက် (စနေနေ့)**

**နံနက်ပိုင်း**

၇:၀၀ ၁။ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၅ ၅။ အကပြိုင်ပွဲ
၈:၀၅ ၆။ ပိုင်ကျူရေထိန်းတံခါး
၈:၂၀ ၇။ အဆိုပြိုင်ပွဲ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Grammar made Easy

**နေ့လယ်ပိုင်း**

၁၁:၀၀ ၁။ စစ်သည်တေး
၁၁:၁၅ ၂။ တေးဂီတအစီအစဉ်
၁၁:၃၀ ၃။ ပြည်တွင်းသတင်း
၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၂:၀၀ ၅။ **"မီးရထားစီး ခရီးသွားကြသူများ"** နေအောင်၊ မေသဥ္စာဦး၊ ဇင်ဇင်ဇော်မြင့်၊ သဇင်၊ နန်းဆုရတီစိုး (ဒါရိုက်တာ-စင်ရော်မောင်မောင်)
၁၃:၃၀ ၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဆည်းဆာ"** (အပိုင်း-၁၄)
၁၄:၀၀ ၇။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ
၁၄:၀၅ ၈။ **"သတိနဲ့ယှဉ် အသိနဲ့ပြင်"** (အပိုင်း-၁) ဝါးခယ်မရဲမောင်၊ ဘုန်းလျှံ၊ မြတ်ကေသီအောင်၊ ရတနာခင်၊ ဟန်နီထွန်း၊ ပြည့်ဖူးခိုင်၊ နီနီရွှေရည်၊ ဆောင်းနှင်းဝေ၊ ဝိုင်းစုခိုင်သိန်း၊ အိုင်းရစ်လေပြေဦး (ဒါရိုက်တာ-မင်းအုပ်စိုး)
၁၄:၁၅ ၉။ ၂၀၀၆ ခုနှစ် (၃၈)ကြိမ်မြောက် မာဒေးကားဖလားချန်ပီယံ မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ဂုဏ်ပြုလျက်
၁၄:၂၅ ၁၀။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၄:၃၅ ၁၁။ ဒေသအလိုက် ကာကွယ်ဆေးတိုက်နေ့များအကြောင်း သိကောင်းစရာ
၁၄:၄၅ ၁၂။ International News

**ညပိုင်း**

၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇:၀၀ ၅။ တေးဂီတအစီအစဉ်
၁၇:၂၀ ၆။ တီးကွက်ညွှန့်
၁၇:၃၀ ၇။ ၂၀၀၆ ခုနှစ် (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊အရေး၊အတီးပြိုင်ပွဲဝင်များ လေ့လာနိုင်ကြရန် (မဟာဂီတ) (ဝါသနာရှင်အဆင့်) (အမျိုးသား၊ အမျိုးသမီး)
၁၇:၄၀ ၈။ ချစ်စရာ့အရွယ်ကစားကြမယ်
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ Discovery
၁၈:၅၀ ၁၂။ ရှမ်းပြည်နယ်မြောက်ပိုင်း (လားရှိုး) ကြက်ဆူစိုက်ပျိုးရေး
၁၉:၀၅ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမာန်ဆောင်းရဲ့ နေ့ရက်များ"** (အပိုင်း-၃)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"**(အပိုင်း-၁၅)

## သံလွင်နှင့်စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်ဆက်လက်တည်ရှိ

**ရန်ကုန် စက်တင်ဘာ ၁**

ရွှေကျင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် ၆၈၉စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၇၀၀ကို ကျော်လွန်ရောက်ရှိနိုင်သည်။

သံလွင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၆နာရီခွဲ တိုင်းထွာချက်အရ ဘားအံမြို့တွင် ၇၁၅စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၇၅၀သို့ ရောက်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် ယနေ့နံနက်မြန်မာစံတော်ချိန် ၉နာရီခွဲတိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၀၉စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက်၄၈နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၆၀၀အထက်တွင် ဆက်လက်တည်ရှိနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ယနေ့ထုတ်ပြန်သည်။ **(မြန်မာ့အလင်း)**

# ဂျပန်နှင့်ချီလီနှစ်နိုင်ငံ ကုန်သွယ်ရေးဆိုင်ရာဆွေးနွေး

ဆန်တီရာဂို စက်တင်ဘာ ၁

**ဂျပန်နှင့်ချီလီနိုင်ငံတို့၏ လေးကြိမ်မြောက် ကုန်သွယ်ရေးဆွေးနွေးပွဲကို ချီလီနိုင်ငံ ဆန်တီရာဂိုမြို့၌ ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့ရာ ဆွေးနွေးပွဲ၌ လွတ်လပ်စွာကုန်သွယ်ရေးသဘောတူညီမှု (အက်ဖ်တီအေ)နှင့် ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။**

ဂျပန်နှင့်ချီလီနှစ်နိုင်ငံတို့ အနေဖြင့် ဈေးကွက်ဖွင့်လှစ်ရေး၊ ကုန်သွယ်ရေးနှင့် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးကာ သဘောတူညီမှုရရှိရေးအတွက် ဆောင်ရွက်ကြမည်ဖြစ်သည်။

ဂျပန်နှင့်ချီလီနှစ်နိုင်ငံတို့ သည် ယခင်က အက်ဖ်တီအေနှင့် ပတ်သက်၍ နှစ်ဦးနှစ်ဖက်ဆွေးနွေးမှုများရှိခဲ့သော်လည်း အချိန်အတန်ကြာရပ်တန့် နေခဲ့ရာမှ ပြီးခဲ့သည့်နိုဝင်ဘာလကပြန်လည်ဆွေးနွေးမှုစတင်ခဲ့ခြင်းဖြစ်သည်။

အဆိုပါနှစ်နိုင်ငံအနေဖြင့် ပထမအကြိမ် ဆွေးနွေးမှုကို ယခုနှစ်ဖေဖော်ဝါရီတွင်လည်းကောင်း၊ ဒုတိယအကြိမ်ဆွေးနွေးမှုကို ဆန်တီရာဂိုမြို့၌ မေလတွင်လည်းကောင်း၊ တတိယအကြိမ်ဆွေးနွေးမှုကို ဂျပန်နိုင်ငံ၌ဇူလိုင်လတွင်လည်းကောင်း ကျင်းပခဲ့ကြပြီးဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ၌ ရေကြီးမှုများဖြစ် အနည်းဆုံး ၁၃၂ ဦးသေဆုံး

**နယူးဒေလီ စက်တင်ဘာ ၁**

အိန္ဒိယနိုင်ငံ ရာဂျက်စ်သန်ပြည်နယ် ဘာမာခရိုင်တွင် မိုးသည်းထန်စွာ ရွာသွန်းသောကြောင့် ရေကြီးမှုများဖြစ်ပွားရာ အနည်းဆုံးလူ ၁၃၂ ဦးသေဆုံးခဲ့ကြောင်း အိန္ဒိယအနောက်ပိုင်းဒေသရှိ တာဝန်ရှိသူတစ်ဦးက ဩဂုတ် ၂၈ ရက်တွင် ပြောကြားခဲ့သည်။

ပုံမှန်အားဖြင့် ထိုဒေသသည် မိုးခေါင်လေ့ရှိကြောင်း၊ မိုးသည်းထန်စွာ ရွာသွန်းခဲ့သည်မှာ ထူးဆန်းအံ့ဩဖွယ်ကောင်းသောဖြစ်ရပ်ဖြစ်ကြောင်း မိုးလေဝသကျွမ်းကျင်သူများက ပြောကြားသည်။ **(အင်တာနက်)**

# နီပေါတပ်ဖွဲ့ဝင် ၈၅၀ လက်ဘနွန်သို့စေလွှတ်မည်

**ခတ္တမန္ဒူ စက်တင်ဘာ ၁**

ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့တွင် တာဝန်ထမ်းဆောင်ရန်အတွက် နီပေါတပ်ဖွဲ့ဝင် ၈၅၀ကိုစေလွှတ်ရေး နီပေါအစိုးရက ဆုံးဖြတ်ခဲ့ကြောင်း နီပေါအသံလွှင့်ဌာနက ဩဂုတ် ၃၀ ရက်၌ သတင်းထုတ်လွှင့်သည်။

လက်ဘနွန်နိုင်ငံတောင်ပိုင်းတွင် အစ္စရေးနှင့် ဟစ်ဇ်ဘိုလာတို့ တိုက်ပွဲများဖြစ်ပွားစဉ်အတွင်း အပြစ်မဲ့ပြည်သူ ၁၃၀၀ကျော် သေဆုံးခဲ့ရသည်။ ယင်းဒေသတွင် ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်၁၅၀၀၀ တပ်ဖြန့်ချထားရန်အတွက် မလေးရှားနှင့် အင်ဒိုနီးရှားတို့ အပါအဝင် နီပေါနိုင်ငံမှတပ်ဖွဲ့ဝင်များစေလွှတ်ပေးရန် နီပေါနိုင်ငံက ဆန္ဒပြုခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**



**ဖိလစ်ပိုင်နိုင်ငံတွင် ရေနံတင်သင်္ဘောနစ်မြုပ်မှုကြောင့် ယိုဖိတ်သွားသောရေနံများအား ဖယ်ရှားရှင်းလင်းနေသည်ကို ဩဂုတ် ၃၁ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

# ဖိလစ်ပိုင်ကမ်းခြေ၌ ရေနံတင်သင်္ဘောနစ်မြုပ် ရေနံများယိုဖိတ်မှု ဒေသစီးပွားရေး ထိခိုက်

**မနီလာ စက်တင်ဘာ ၁**

ဖိလစ်ပိုင်နိုင်ငံဗီဆာရပ်အနောက်ပိုင်းဂွိမာရပ်စ်ကျွန်းအနီး၌ ရေနံတင်သင်္ဘောတစ်စင်း နစ်မြုပ်ခဲ့ရာ ရေနံလီတာ သန်းဝက်ကျော် ယိုဖိတ်မှုဖြစ်ပွားခဲ့ကြောင်း ဖိလစ်ပိုင်ကမ်းခြေစောင့်တပ်ဖွဲ့က ဩဂုတ် ၃၀ ရက်၌ ပြောကြားသည်။

**ဖော်ပြ**

အဆိုပါ ရေနံတင်သင်္ဘောမှ ရေနံများ ဆက်လက်ယိုစိမ့်ထွက်နေဆဲဖြစ်ကြောင်း ကမ်းခြေစောင့် ပြောခွင့်ရပုဂ္ဂိုလ်ဂျိုးဆက်ကွိုင်မေ၏ ပြောကြားချက်ကို တီဗွီအေအင်န်စီက ကိုးကားဖော်ပြသည်။

**ခန့်မှန်း**

ရေနံယိုဖိတ်နေမှုသည် လီတာ ၅၀၀၀၀၀မှ လီတာ ၇၀၀၀၀၀ ရှိလာနိုင်ကြောင်း အဆိုပါပြောခွင့်ရပုဂ္ဂိုလ်က ခန့်မှန်းပြောကြားသည်။

အဆိုပါ ဖိလစ်ပိုင် ရေနံတင်သင်္ဘောသည် ဩဂုတ် ၁၁ ရက်က နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ မူလက ရေနံလီတာ နှစ်သိန်းမှသုံးသိန်းအထိ ယိုဖိတ်လိမ့်မည်ဟု ခန့်မှန်းခဲ့ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

**နစ်မြုပ်**

အဆိုပါ သင်္ဘောသည် ဖိလစ်ပိုင်နိုင်ငံ၏ အကြီးဆုံးရေနံကုမ္ပဏီ ပတ်ထရွန်ကုမ္ပဏီမှဖြစ်ပြီး ရေနံလီတာနှစ်သန်းခန့်တင်ဆောင်လာစဉ် နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

**ထိခိုက်မှုဖြစ်**

၎င်းရေနံများ ယိုဖိတ်မှုကြောင့် ဒေသနေ လူ ၂၀၀၀၀ ကို ထိခိုက်နစ်နာစေပြီး ငါးဖမ်းလုပ်ငန်း၊ ရေလုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများကိုပါ ထိခိုက်မှုဖြစ်ပေါ်ခဲ့သည်ဟု ဆိုသည်။

**အမ်အင်အေ၊ဆင်ဟွာ**



## ရေလွှမ်းမိုး

**အိန္ဒိယနိုင်ငံ ရာဂျက်စ်သန်ပြည်နယ် ဘာမာခရိုင်၌ ရေလွှမ်းမိုးနေသည်ကို ဩဂုတ် ၃၁ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

## ကပြဖျော်ဖြေ

**မလေးရှားနိုင်ငံ ဆာရာဝပ်ပြည်နယ်ရှိ ကူချင်းမြို့တွင် မလေးရှားနိုင်ငံ၏ (၄၉)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပရာ မလေးရှား လုပျိုဖြူလေးများက ရိုးရာအကများဖြင့် ကပြဖျော်ဖြေနေသည်ကို ဩဂုတ် ၃၁ရက်က တွေ့ရစဉ်။**
(ဓာတ်ပုံ-အင်တာနက်)






# ကုလသမဂ္ဂတပ်ဖွဲ့ဝင် ၅၀၀၀ရှိချိန်တွင် အစ္စရေးတပ်ဖွဲ့ဝင်များ လက်ဘနွန်မှရုပ်သိမ်းရန် အန်နန်မျှော်လင့်

ဂျေရုဆလင် စက်တင်ဘာ ၁

**သီတင်းပတ်အတွင်း ကုလသမဂ္ဂတပ်ဖွဲ့ဝင် ၅၀၀၀ခန့် လက်ဘနွန်တောင်ပိုင်း၌ ဖြန့်ချပြီးပါက အစ္စရေးတပ်ဖွဲ့ဝင်များ ချက်ချင်းရုပ်သိမ်းပေးမည်ဟု မျှော်လင့်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအန်နန်က ဩဂုတ် ၃၀ရက်၌ ပြောကြားလိုက်သည်။**

လာမည့်သီတင်းပတ်များနှင့် ရက်များတွင် ကုလသမဂ္ဂတပ်ဖွဲ့ဝင် ၅၀၀၀ဖြန့်ချနိုင်ရန် စီစဉ်ထားသည်။ ကုလသမဂ္ဂတပ်ဖွဲ့ဝင်မှာလက်ရှိ ၂၅၀၀ ခန့်ရှိနေရာ မကြာမီတပ်ဖွဲ့ဝင် ၅၀၀၀ ပြည့်မည်ဟု ခန့်မှန်းထားသည်။

**ပြောကြား**

ကုလသမဂ္ဂ တပ်ဖွဲ့ဝင်များ လက်ဘနွန်တောင်ပိုင်းတွင် ပြည့်ပြည့်ဝဝလှုပ်ရှားဆောင်ရွက်နိုင်ရန်အတွက် အစ္စရေးတပ်ဖွဲ့ဝင်များအားလုံးရုပ်သိမ်းရန် မိမိမျှော်လင့်သည်ဟု အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်နှင့် တွေ့ဆုံစဉ် ကိုဖီအန်နန်က ပြောကြားလိုက်သည်။

**ဟန့်တားကာကွယ်**

အစ္စရေးတပ်ဖွဲ့ဝင်များအနေဖြင့် လက်ဘနွန်နိုင်ငံသို့ ရောက်ရှိလာမည့် ဟစ်ဇ်ဘိုလာတို့အတွက် ထောက်ပံ့ရေးပစ္စည်းများကို ဟန့်တားကာကွယ်ရန်အတွက်သာ ဖြစ်ကြောင်း အစ္စရေးဝန်ကြီးချုပ် အိုလ်မတ်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

# နီပေါ၌ ရေကြီးပြီး မြေပြိုမှုကြောင့် သေဆုံးသူ ၃၉ ဦးအထိရှိလာ

**ခတ္တမန္ဒူ စက်တင်ဘာ ၁**

နီပေါနိုင်ငံ အနောက်ပိုင်း ခရိုင်အချို့၌ မိုးသည်းထန်စွာ ရွာသွန်းပြီး ရေကြီး၊ မြေပြိုမှုများကြောင့် သေဆုံးသူ ၃၉ ဦးအထိရှိလာကြောင်း နီပေါအသံလွှင့်ဌာနက ဩဂုတ် ၃၁ရက်၌ ကြေညာသည်။

**ကြေညာ**

အဆိုပါ ရေကြီး၊မြေပြိုမှုများကြောင့် ဘန်ကီခရိုင်၌ လူ ၁၅၀၀၀၊ ဘာဒီယာခရိုင်၌ လူ ၁၀၀၀၀ ခန့်သည် ကျေးရွာများ၌ သောင်တင်နေကြပြီး အစားအစာမရဘဲ ဖြစ်နေသည်ဟု အဆိုပါရေဒီယိုက ကြေညာသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ဘီနင်မှ ကုန်ပစ္စည်းပို့မိုတင်သွင်းရန်တရုတ်ဆန္ဒရှိ ကုန်စည်များအပေါ်အခွန်ကင်းလွတ်ခွင့် ပေးမည်ဟုဆို

ပေကျင်း စက်တင်ဘာ ၁

**ဘီနင်နိုင်ငံအနေဖြင့် တရုတ်နိုင်ငံသို့ ကုန်ပစ္စည်းများပိုမိုတင်ပို့ရန် တရုတ်ဝန်ကြီးချုပ် ဝမ်ကြားပေါင်က အလည်အပတ်ရောက်ရှိနေသော ဘီနင်သမ္မတသောမတ်ဘိုနီယာယီနှင့် ဩဂုတ် ၂၉ ရက်က တွေ့ဆုံစဉ် အားပေးတိုက်တွန်းလိုက်သည်။**

တရုတ်နိုင်ငံ၏ လွတ်လပ်စွာ နိုင်ငံများအတွက် အပြည့်အဝအသုံးကုန်သွယ်ရေးမူဝါဒမှာ ဘီနင်ကဲ့သို့ ပြုရန်ဖြစ်ကြောင်း၊ ဘီနင်နိုင်ငံမှ တင်သွင်းကုန်များအပေါ် အခွန်ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း မစ္စတာ ဝမ်ကြားပေါင်က ပြောကြားသည်။

**တိုးတက်**

အနောက်အာဖရိက နိုင်ငံဖြစ်သော ဘီနင်နိုင်ငံမှဝါဂွမ်းများကို တရုတ် နိုင်ငံသို့အများဆုံးတင်ပို့ခဲ့သည်။ ပြီးခဲ့သည့်နှစ်က တရုတ်နှင့်ဘီနင်နှစ်နိုင်ငံ ကုန်သွယ်မှု ပမာဏမှာ အမေရိကန် ဒေါ်လာ ၁၁၁သမ ၀၉ ဘီလီယံရှိခဲ့ရာ နှစ်ချင်းအလိုက်တိုးတက်မှုမှာ ၅၈ ဒသမ ၆၅ ရာခိုင်နှုန်းရှိခဲ့ကြောင်း သိရသည်။

**ပူးပေါင်းဆောင်ရွက်**

တရုတ်နှင့် ဘီနင်နှစ်နိုင်ငံတို့သည် လယ်ယာစိုက်ပျိုးရေးနှင့် အခြေခံအဆောက်အအုံများ တည်ဆောက်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ကြမည်ဖြစ်ပြီး စွမ်းအင်ကဏ္ဍနှင့် ဆက်သွယ်ရေးကဏ္ဍများတွင်လည်း ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ်ဝမ်ကြားပေါင်က ပြောကြားသည်။

**အမ်အင်အေ၊ဆင်ဟွာ**

# ကမ္ဘာ့ဒုတိယ ကော်ဖီအများဆုံးတင်ပို့သည့်နိုင်ငံ ဗီယက်နမ်ဖြစ်လာ

ဟန်္နွိုင်း စက်တင်ဘာ ၁

**ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမရှစ်လတာကာလတွင် ကော်ဖီပြည်ပတင်ပို့မှုမှ ဝင်ငွေအမေရိကန်ဒေါ်လာ ၇၃၃သန်း ရရှိမည်ဟု ခန့်မှန်းထားကြောင်း၊ ထိုသို့တိုးတက်မှုသည် ယခင်နှစ်အလားတူ ကာလကထက် ၃၃ ဒသမ ၈ရာခိုင်နှုန်းကျော် တိုးတက်ခြင်းပင်ဖြစ်ကြောင်း ဗီယက်နမ် ကုန်သွယ်ရေးဌာနက ဩဂုတ် ၃၀ ရက်၌ သတင်းထုတ်ပြန်သည်။**

သတင်းထုတ်ပြန်

**ဗီယက်နမ်နိုင်ငံအနေဖြင့် ဩဂုတ်နှင့် ဇန်နဝါရီလအတွင်း ပြည်ပသို့ သင်္ဘောဖြင့်ကော်ဖီတင်ပို့မှုမှာ တန်ချိန် ၆၃၄၀၀၀ ရှိခဲ့ကြောင်း၊ ၎င်းကော်ဖီများမှာ ဥရောပသမဂ္ဂနိုင်ငံများသို့ တင်ပို့ခြင်းဖြစ်ကြောင်း၊ အမေရိကန်၊ ဂျပန်နှင့် စင်ကာပူနိုင်ငံများသို့လည်း တင်ပို့ကြောင်း၊ ကော်ဖီတင်ပို့မှုအနေဖြင့် နှစ်ချင်းအလိုက်တိုးတက်မှုမှာ ၈ဒသမ ၇ရာခိုင်နှုန်းရှိကြောင်း ဗီယက်နမ်ကုန်သွယ်ရေးဝန်ကြီးဌာနအောက်ရှိ ကုန်သွယ်ရေးသတင်းဌာနမှ သတင်းထုတ်ပြန်သည်။**

**ဗီယက်နမ်နိုင်ငံသည် ကမ္ဘာပေါ်တွင် ကော်ဖီပြည်ပတင်ပို့မှု၌ ဒုတိယအကြီးမားဆုံးနိုင်ငံဖြစ်ပြီး ပြည်ပသို့ကော်ဖီမှုန့်၊ ကော်ဖီစေ့စသည်ဖြင့် အမျိုးမျိုးတင်ပို့သော နိုင်ငံလည်းဖြစ်သည်။**

**ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ခုနှစ်လယ်က ကော်ဖီစိုက်ပျိုးမှု ဧရိယာဟက်တာ ၅၀၅၀၀၀ခန့်ရှိခဲ့ပြီး ပြည်ပသို့ ကော်ဖီတင်ပို့မှုတန် ၈၈၅၀၀၀တင်ပို့ခဲ့ရာ စုစုပေါင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၇၂၅သန်းရှိကြောင်း သိရသည်။**

အမ်အင်အေ၊ဆင်ဟွာ



**လန်ဒန်မြို့လယ်ရှိ ပြတိုက်ဟောင်းတစ်ခု မီးလောင်ရာ မီးသတ်တပ်ဖွဲ့ဝင်များ မီးငြိမ်းသတ်နေသည်ကို ဩဂုတ် ၂၉ ရက်က တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

# လန်ဒန်မြို့လယ်ရှိ ပြတိုက်ဟောင်းမီးလောင်

**လန်ဒန် စက်တင်ဘာ ၁**

လန်ဒန်မြို့လယ်ရှိ ပြတိုက်ဟောင်းတစ်ခုတွင် ဩဂုတ် ၂၉ရက်၌ မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့ကြောင်း လန်ဒန်မီးသတ်တပ်ဖွဲ့က ပြောကြားသည်။

လန်ဒန်မြို့ ဘောလင်တန်အရပ်ရှိ သုံးထပ်အဆောက်အအုံ ပြတိုက်ဟောင်းတစ်ခု မီးလောင်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။

ထိုမီးလောင်မှုကို မီးသတ်တပ်ဖွဲ့ဝင် ၄၀ကျော်တို့စုပေါင်းကာ မီးငြိမ်းခဲ့သဖြင့် မီးလောင်မှုမပြန့်ပွားခဲ့ခြင်းဖြစ်သည်။ ၎င်းပြတိုက်ဟောင်းကို ယခုအခါအထူးပြပွဲများ ခင်းကျင်းပြသရာ၌ အသုံးပြုကြောင်းသိရသည်။ **အမ်အင်အေ၊ရိုက်တာ**

# ဖိလစ်ပိုင်ရှိ မေယွန်မီးတောင်မှ ဆာလ်ဖာဒိုင်အောက်ဆိုဒ် တန်ချိန် ၉၇၃၃ထွက်ရှိခဲ့

**မနီလာ စက်တင်ဘာ ၁**

ဖိလစ်ပိုင်အလယ်ပိုင်း မေယွန်မီးတောင်မှ ဆာလ်ဖာဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ ထုတ်လွှတ်မှုသည် ဩဂုတ် ၂၂ ရက်တွင် တန်ချိန် ၃၈၆၄ တန်ရှိရာမှ ဩဂုတ် ၂၄ရက်တွင် တန်ချိန် ၉၇၃၃ အထိရှိလာကြောင်း ဒေသဆိုင်ရာ မီဒီယာက ကြေညာသည်။

**ထုတ်လွှတ်**

အဆိုပါ မီးတောင်မှ ဆာလ်ဖာဒိုင်အောက်ဆိုဒ်များ ထုတ်လွှတ်မှုသည် နေ့စဉ်တန် ၅၀၀ခန့်ရှိကြောင်း ဖိလစ်ပိုင် မီးတောင်ကျွမ်းကျင်သူများက ပြောကြားသည်။

ဩဂုတ် ၂၉ရက်က အဆိုပါ မီးတောင်မှာ နှစ်ကြိမ်ပေါက်ကွဲခဲ့ရာ တောင်ထိပ်မှ ဆာလ်ဖာဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့များ မီတာ ၅၀၀အထိမြင့်တက်သွားခဲ့ကြောင်း သိရသည်။

**တည်ရှိ**

ယင်းမီးတောင် ပေါက်ကွဲမှုကြောင့် အနီးဝန်းကျင်တွင် နေထိုင်သော မိသားစုများ ဘေးကင်းရာသို့ ပြောင်းရွှေ့သွားကြရာ လူပေါင်း ၄၃၆၇၆ဦး ရှိသွားပြီးဖြစ်ကြောင်း၊ ယင်းမီးတောင်သည် မနီလာမြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၃၀၀ အကွာ အယ်ဘေးပြည်နယ်၌ တည်ရှိကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

**မြန်မာ့အလင်း**
**နိုင်ငံခြား သတင်းများ**

# အီရတ်၌ ဗုံးပေါက်ကွဲ

**ဘဂ္ဂဒက် စက်တင်ဘာ ၁**

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တောင်ဘက်ဟီလာမြို့တွင် တပ်သားသစ်စုဆောင်းရေးရုံးတစ်ခု၌ ဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားရာ အနည်းဆုံး ၁၂ ဦးသေဆုံးပြီး ၃၀ ဒဏ်ရာရရှိခဲ့ကြောင်း ရဲတပ်ဖွဲ့က ဩဂုတ် ၃၀ရက်၌ပြောကြားသည်။

အဆိုပါဗုံးကို စက်ဘီးတစ်စီးတွင် ချည်နှောင်ထား ခြင်းဖြစ်ကြောင်း သိရသည်။

**အများဆုံး**

ထိုစက်ဘီးကို ဗုံးများချည်နှောင်ပြီး တပ်ဖွဲ့ဝင်သစ် စုဆောင်းရေးရုံးနှင့် အနီးဆုံးနေရာတွင် ထားရှိကာ ပေါက်ကွဲစေခဲ့ခြင်းဖြစ်သည်။ ယခုကဲ့သို့ ဗုံးပေါက်ကွဲမှုကြောင့် သေဆုံးမှုနှင့် ဒဏ်ရာရရှိမှုမှာ ယခုရက်ပိုင်းအတွင်း ဘဂ္ဂဒက်မြို့တော်ပြင်ပ၌ သွေးထွက်သံယိုမှုအများဆုံးဖြစ်ရပ် တစ်ခုဖြစ်သည်။ **အမ်အင်အေ၊ဆင်ဟွာ**

**ကမ္ဘာတစ်လွှား ထူးထူးခြားခြား**

# ဘောလုံးအများဆုံး အားကစားကွင်း




**အားကစားကွင်းအတွင်း ဘောလုံးများ အပြည့်ထည့်သွင်းထားသည်ကိုတွေ့ရစဉ်။** (ယာပုံ)

ဂျာမနီနိုင်ငံ မွန်ချန်ဂလာဘတ်မြို့ရှိ ဘောလုံးကွင်းတစ်ကွင်း၌ လူ ၃၂၀ တို့က စုပေါင်း၍ဘောလုံးပေါင်း ၁၄၂၀၀၀ ထည့်သွင်းခဲ့ရာ ကမ္ဘာပေါ်တွင် ဘောလုံး အရေအတွက်အများဆုံး ဘောလုံးကွင်းဖြစ်ကြောင်း သိရသည်။

**(အင်တာနက်)**



# အမှန်ရွေးနိုင်သည့်ပန်ဒါ

**သတ်မှတ်ထားသည့် အမှတ်အသားတစ်ခုကို မှန်ကန်စွာရွေးချယ်နိုင်သည့်ပန်ဒါလေးတစ်ကောင်ကို တွေ့ရစဉ်။** (ဝဲပုံ)

တရုတ်နိုင်ငံ အနောက်ပိုင်း စီချွမ်မြို့တွင် ကျန်ကျန်အမည်ရှိ ပန်ဒါလေးသည် သတ်မှတ်ထားသော အမှတ်အသားများကို ရွေးချယ်ပြနိုင်ကြောင်း သိရသည်။ ထိုပန်ဒါလေးသည် ၎င်း၏ ပထမဆုံးနှစ်ပတ်လည် မွေးနေ့၌ အိုလံပစ်အမှတ်အသားများကို ရွေးချယ်ပြသခဲ့သည်။ **(အင်တာနက်)**

# အစ္စရေးတို့ ဂါဇာမြို့အနီး ဒုံးကျည်ဖြင့်ပစ်ခတ်

**ဂါဇာ စက်တင်ဘာ ၁**

ပါလက်စတိုင်း ဂါဇာမြို့အရှေ့ဘက်တွင် အစ္စရေးတို့လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပါလက်စတိုင်းနှစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဖြစ်ပွားမှုမှာ ဩဂုတ် ၃၀ရက် နံနက်ပိုင်းတွင်ဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

**ဒဏ်ရာရရှိ**

အစ္စရေးတို့က ဝေဟင်မှ မြေပြင်ပစ်ဒုံးကျည်တစ်စင်းဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်ပြီး ပါလက်စတိုင်းတပ်ဖွဲ့ဝင်နှစ်ဦးနှင့် အရပ်သားသုံးဦးတို့ ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

# မန္တလေးမြို့တော်ဝန်ဖလား အလွတ်တန်း ဖိတ်ခေါ်ပူဆယ်ဘောလုံးပြိုင်ပွဲ ပိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁

**၂၀၀၆ခုနှစ် ပထမအကြိမ် မန္တလေးမြို့တော်ဝန်ဖလား အလွတ်တန်းဖိတ်ခေါ်ပူဆယ်ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ် ၃၇ ရက် နံနက် ၉ နာရီက အောင်မြေသာစံမြို့နယ် ရွှေမန်းတောင်အားကစားကွင်း၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ကြည့်ရှုအားပေးပြီး ဆုများချီးမြှင့်ပေးအပ်သည်။** (အောက်ပုံ)



အခမ်းအနားသို့မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်နှင့်ဇနီး၊ တရားရုံးချုပ်(မန္တလေး) ဒုတိယတရားသူကြီးချုပ်ဦးခင်မောင်လတ်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် Mr. Duan Zhi Quan၊ အထက်မြန်မာပြည်ဆိုင်ရာ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကြည်သိန်းနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့်ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ၊ မန္တလေးတိုင်း အားကစားနှင့် ကာယပညာ ကော်မတီ အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

## ချီးမြှင့်

ရှေးဦးစွာ တိုင်းမှူးနှင့်အဖွဲ့သည် ဗိုလ်လုပွဲအဖြစ် စိန်ဝင်းဝင်း ကဖေးအသင်းနှင့် အားမာန်(က)အသင်းတို့ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။ ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကျင်းပရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးမောင်ပုက ဒိုင်လူကြီးများအား ဂုဏ်ပြုဆုများကိုလည်းကောင်း၊ မန္တလေးတိုင်း အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ မန္တလေးတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်ထွဋ်က ပူးတွဲ တတိယရရှိသော ဆန်းရှိုင်းအသင်းကို တစ်ဦးချင်းဆုတံဆိပ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အထွေထွေ အတွင်းရေးမှူး ဦးဘန်နီတင်အောင်က ပူးတွဲတတိယရရှိသောအားမာန်(ခ) အသင်းကို တစ်ဦးချင်း ဆုတံဆိပ်များကိုလည်းကောင်း ဆုချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ မြို့တော်ဝန်က ပထမရရှိသော စိန်ဝင်းဝင်းကဖေးအသင်းအား တစ်ဦးချင်းဆုတံဆိပ်များနှင့် အကောင်းဆုံးဘောလုံးသမားဆုရရှိသော အားမာန်(က) အသင်းမှ ကျောနံပါတ်(၈) ဝင်းမောင်မောင်၊ အကောင်းဆုံးဂိုးသမားဆု ရရှိသော စိန်ဝင်းဝင်း ကဖေးအသင်းမှ ကျောနံပါတ် (၁) မြတ်သူဝင်းတို့ကို ငွေသားဆုများ ချီးမြှင့်ပေးအပ်သည်။

## လှူဒါန်း

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဘဏ္ဍာရေးမှူး ဦးသန်းဇော်က မန္တလေးမြို့တော်စည်ပင်သာယာရေး ကော်မတီသို့ ဖူဆယ်ဘောလုံးများ ပေးအပ်လှူဒါန်းရာ မြို့တော်ဝန်က လက်ခံယူသည်။

## ဆုချီးမြှင့်

ဆက်လက်၍ တိုင်းမှူးက ပူးတွဲတတိယရရှိသော ဆန်းရှိုင်းအသင်းနှင့်အားမာန်(ခ)အသင်းတို့ကို ငွေသားဆုငွေကျပ် တစ်သိန်းစီ၊ ဒုတိယ ရရှိသောအားမာန်(က)အသင်းအား ဆုငွေကျပ်နှစ်သိန်းနှင့် ပထမ ရရှိသော စိန်ဝင်းဝင်းကဖေးအသင်းအားငွေသားဆုငွေကျပ် သုံးသိန်းနှင့် ဆုဖလားတို့ကို ချီးမြှင့်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် မန္တလေးတိုင်း ရမည်းသင်းမြို့နယ် (မြို့နယ်–ဥပဒေရုံး)၊ (ဦးကျော်စိန်)–ဒေါ်မြသန်း(သမီး)မမြသန္တာကျော်နှင့် ခုနစ်ရက်သားသမီး ဓမ္မမိတ်ဆွေ မိသားစုက အလှူငွေကျပ်လေးသိန်း ခုနစ်သောင်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင် ဆရာတော် အရှင်ကုသလ (M.A) ရှေ့မှောက်၌ တာဝန်ခံ ကိုမျိုး (ဗုဒ္ဓဂယာ)ထံ ပေးအပ်လှူဒါန်းစဉ်။** (က–ပ)



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်း)နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ဧကဝယ်ယူရန်အတွက် နှစ်ဖက်သော အဘိုးအဘွား မိဘများနှင့် (ဦးကျင်မောင်)အား ရည်စူး၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် တရုတ်ကျောင်းလမ်း အမှတ်၄၄နေ ဒေါ်တင်လှိုင် သားသမီး၊ မြေး၊ မြစ် မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူဆောင် ဆရာတော် ဦးဝိနယရေ (ဝံသမေဒနီစာသင်တိုက်)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က–ပ)



# အီရန်ခရီးသည်တင်လေယာဉ်ပျက်ကျ၊ လူ၈၀သေဆုံး

တီဟီရန် စက်တင်ဘာ ၁

**အီရန်နိုင်ငံ အရှေ့မြောက်ပိုင်း မက်ဟက်ဒ်မြို့တွင် စက်တင်ဘာ၁ ရက်က ခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရာ လေယာဉ်ပေါ်လိုက်ပါလာသူ ခရီးသည်၈၀ သေဆုံးခဲ့ရကြောင်း အီရန်နိုင်ငံပိုင် ရုပ်မြင်သံကြား သတင်းဌာနက သတင်းထုတ်လွှင့်သည်။**

## ၁၄၇ ဦး

**အဆိုပါ လေယာဉ်သည် ရုရှားလုပ် တီယူ–၁၅၄ ခရီးသည်တင်လေယာဉ်ဖြစ်ပြီး အီရန်နိုင်ငံ တောင်ပိုင်း ဘန်ဒါအဘတ်မြို့မှ ခရီးသည်နှင့် လေယာဉ်အမှုထမ်း စုစုပေါင်း ၁၄၇ ဦးကို တင်ဆောင်ပျံသန်းလာသော လေယာဉ်ဖြစ်သည်။**

## အလျင်အမြန်ရွှေ့ပြောင်း

**ဘန်ဒါအဘတ်မြို့မှ မက်ဟက်ဒ်မြို့သို့ ပျံသန်းလာစဉ် မက်ဟက်ဒ်မြို့ လေဆိပ်အဆင်းတွင် မီးလောင်ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်မီးလောင်ပျက်ကျမှုကြောင့် လေယာဉ်အမှုထမ်းများ သေဆုံးမှုမရှိကြောင်း၊ အခြား အသက်ရှင်ကျန်ရစ်သူ ခရီးသည်များအား ဆေးကင်းရာသို့ အလျင်အမြန် ရွှေ့ပြောင်းပေးခဲ့ကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။**

**ထိုလေယာဉ် မီးလောင်ပျက်ကျမှုမှာ မည်သည့်အတွက်ကြောင့် ဖြစ်ရသည်ကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်းလည်း ၎င်းသတင်းတွင် ဆက်လက်ဖော်ပြသည်။** (ကိုးကား–အင်တာနက်)

# သစ်သီးဖျော်ရည် ပုံမှန်သောက်ခြင်းဖြင့် အယ်ဇိုင်းမားရောဂါကို ကာကွယ်ဟန့်တားနိုင်

သစ်သီးဖျော်ရည်များကို ပုံမှန်သောက်သုံးခြင်းသည် ဦးနှောက်မှတ်ဉာဏ်ချို့ယွင်းမှုရောဂါ သို့မဟုတ် အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုကို ဟန့်တားကာကွယ်နိုင်ကြောင်း သုတေသနပြုချက်တစ်ရပ်၌ ဖော်ပြသည်။

## အကျိုးကျေးဇူးရှိ

လူတို့အနေဖြင့် သီတင်းတစ်ပတ်လျှင် သစ်သီးဖျော်ရည်သုံးကြိမ်သောက်သုံးခြင်းသည် အယ်ဇိုင်းမားရောဂါဖြစ်ပွားမှု ၇၆ ရာခိုင်နှုန်းလျော့ကျစေနိုင်ပြီး သီတင်းတစ်ပတ်လျှင် တစ်ကြိမ်သာ သောက်သုံးသူထက် ပိုမိုအကျိုးကျေးဇူးရှိစေကြောင်းအမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

## ပုံမှန်သောက်ပါက

သစ်သီးဖျော်ရည် တစ်ဖန်ခွက်စီကို သီတင်းတစ်ပတ်လျှင် အနည်းဆုံး သုံးကြိမ်သောက်သုံးလျှင် အယ်ဇိုင်းမားရောဂါဖြစ်ပွားစေသည့် ဦးနှောက်အတွင်း မှတ်ဉာဏ်ဆဲလ်များ ထိခိုက်မှုကို ကောင်းစွာဟန့်တားနိုင်ပြီး ပုံမှန်သောက်သုံးသူများအနေဖြင့် ထိုရောဂါဖြစ်ပွားမှု မရှိနိုင်ကြောင်း တွေ့ရှိရသည်ဟု သုတေသနပြုချက်၌ ဖော်ပြထားသည်။

## ဦးနှောက်ကလာပ်စည်း

အခြားအစားအစာနှင့် သောက်သုံးစရာဖျော်ရည်များထက် သစ်သီးဖျော်ရည်က ဦးနှောက်ကလာပ်စည်းများ၏ အနေအထားကို ပိုမိုအကျိုးပြုကြောင်း၊ သစ်သီးဖျော်ရည်တွင် ဦးနှောက်အာရုံကြောများကို သန်မာလန်းဆန်းစေသော ဓာတ်ပစ္စည်းများ ပါဝင်ကြောင်းလည်း သုတေသနပြုချက်၌ ဆက်လက်ဖော်ပြထားသည်။

## ကြီးမားစွာထောက်ကူ

အမေရိကန်သုတေသနပညာရှင်များအနေဖြင့် လူ ၂၀၀၀ ကို ၁၀ နှစ်ကြာသုတေသနပြုချက်အရ ယခုကဲ့သို့ ရလဒ်ကို ထုတ်ဖော်ပြောကြားခြင်းဖြစ်ပြီး အခြားအစားအသောက်များထက် သစ်သီးဖျော်ရည်က အယ်ဇိုင်းမားရောဂါကို ကြီးမားစွာအထောက်အကူပြုသည်ဟု အခိုင်အမာ ပြောကြားနိုင်ခြင်းဖြစ်သည်။

## ပုံမှန်သောက်သင့်

သစ်သီးဖျော်ရည်သည် အယ်ဇိုင်းမားရောဂါဖြစ်ပွားမှုကို ကာကွယ်နိုင်သည့်အပြင် ပုံမှန်သောက်သုံးခြင်းဖြင့် သွေးတိုးရောဂါရှိသူများအား သွေးပေါင်ချိန်ကျဆင်းစေကြောင်း၊ ထို့ကြောင့် သွေးတိုးရောဂါရှိသူများ အနေဖြင့် သစ်သီးဖျော်ရည်ကို ပုံမှန်သောက်သုံးသင့်ကြောင်း သုတေသနအဖွဲ့ခေါင်းဆောင်ဖြစ်သူ ဒေါက်တာကီဒိုင်က ပြောကြားသည်။

**(ကိုးကား–အင်တာနက်)**



**အင်တာနက် သတင်းနှင့် ဓာတ်ပုံများ**

# ပြည်သူများလိုက်နာကျင့်သုံးခြင်းဖြင့် အာဟာရချို့တဲ့သည့်ရောဂါများကာကွယ်နိုင်

■ ကျော်ဖုံးမှ

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ အရှေ့ပိုင်းခရိုင် ၁၄မြို့နယ်မှ ပြိုင်ပွဲဝင်အသင်းဝင်များ တက်ရောက်ကြသည်။

**လှူဒါန်း**

အခမ်းအနားတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အဖွင့်အမှာစကားပြောကြားပြီး ရာသက်ပန်အသင်းဝင်အဆိုပြုလွှာ ၁၀၀၀၀ကို လက်ခံရယူသည်။ ဆက်လက်၍ တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းထံ အလှူရှင်ဒေါက်တာအိုင်ဗင်က ငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းပြီး တိုင်းမှူးက ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွင် ဆုရရှိကြသော ပထမ ဒေါ်စောဥမ္မာချို(ဒဂုံမြို့သစ်-မြောက်ပိုင်း)၊ ဒုတိယ ဒေါ်အေးအေးမော်(မြောက်ဥက္ကလာပမြို့နယ်)၊ တတိယ ဒေါ်နှင်းသီတာ(ဒေါပုံ)၊ အထူးဆုရ ဒေါ်အေးအေးခိုင်(တာမွေမြို့နယ်)နှင့် ဒေါ်လှလှခင်(ဒဂုံမြို့သစ်-တောင်ပိုင်း) တို့အား ဆုများပေးအပ်ချီးမြှင့်ပြီး တိုင်းမှူးနှင့်ဇနီးတို့က အာဟာရချက်ပြုတ်ပြိုင်ပွဲအား လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြိုင်ပွဲအပြီးတွင် ဆုပေးပွဲကိုကျင်းပရာ တိုင်းမှူး ဗိုလ်မှူးချုပ် လှဌေးဝင်းက အချက်အပြုတ်ပြိုင်ပွဲ ပထမ ပုဇွန်တောင်မြို့နယ်၊ ဒုတိယ ရန်ကင်းမြို့နယ်၊ တတိယ မြောက်ဥက္ကလာပမြို့နယ်နှင့် အထူးဆုရ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် သာကေတမြို့နယ်တို့အား ဆုများချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။



**ပြည်သူလူထုအတွင်း အာဟာရကြွယ်ဝမျှတသည့် အစာအစားများ လက်တွေ့ ချက်ပြုတ်တတ်စေရန်နှင့် ဆင့်ပွားပညာပေးတတ်စေရန် ရည်ရွယ်။**

ဒေါက်တာဝင်းရည်မွန်
တိုင်းအာဟာရလေ့ကျင့်ကွပ်ကဲရေး အဖွဲ့ခေါင်းဆောင်။
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

**ရည်ရွယ်ချက်**

အခမ်းအနားအပြီးတွင် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာလှမြင့်၊ တိုင်းအာဟာရလေ့ကျင့်ကွပ်ကဲရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဝင်းရည်မွန်နှင့် မြန်မာ့အလင်းအဖွဲ့ တွေ့ဆုံ၍ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အကြိုလှုပ်ရှားမှုနှင့် အချက်အပြုတ် ပြိုင်ပွဲရည်ရွယ်ချက်များကို မေးမြန်း၍ ရေးသားဖော်ပြလိုက်ပါသည်။

ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က **"မိမိတို့အနေဖြင့် မြန်မာနိုင်ငံ၏အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းများ အရှိန်အဟုန်ကိုမြှင့်တင်ရန်၊ အဓိကအားဖြင့် အရည်အသွေးပြည့်မီသည့် အိုင်အိုဒင်းဆားထုတ်လုပ်စားသုံးမှု အရှိန်အဟုန်မြှင့်တင်ရန်၊ ဗီတာမင်အေဆေးတိုက်ကျွေးခြင်းလုပ်ငန်း လွှမ်းခြုံမှု မြင့်မားနေသည့်အခြေအနေကို ထိန်းသိမ်းရန်၊ အမျိုးသမီးများ သံဓာတ်ဆေးပြား သောက်သုံးခြင်းအကျိုးကျေးဇူးကို ပိုမိုသဘောပေါက်လာစေရန်၊ အသက်အရွယ် အလိုက် အာဟာရ ပြည့်ဝမျှတစွာ စားသောက်တတ်သည့်ဓလေ့ထွန်းကားစေရန်၊ အသက်ခြောက်လအထိ မိခင်နို့တစ်မျိုးတည်း တိုက်ကျွေးရန်နှင့် အသက်နှစ်နှစ်မှ ငါးနှစ်အောက်ကလေးများနှင့် မူလတန်းကျောင်းသားအရွယ်ကလေးအားလုံး တစ်နှစ်နှစ်ကြိမ်နှင့် ကိုယ်ဝန်သုံးလအထက် ကိုယ်ဝန်ဆောင်များ မီးမဖွားမီကာလအတွင်း သန်ချဆေးတစ်ကြိမ်တိုက်ကျွေးခြင်းလုပ်ငန်း မြင့်မားလာစေရန်** တို့ဖြစ်ကြောင်း။



**ပေးအပ်လှူဒါန်း**

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဌေးဝင်းထံ အလှူရှင် ဒေါက်တာအိုင်ဗင်က ငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။**

ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)



**ရက်သတ္တပတ်အကြိုလှုပ်ရှားမှု အနေဖြင့် ယခုလို ခရိုင်အလိုက် အချက်အပြုတ်နှင့် ဉာဏ်စမ်း ပဟေဠိပြိုင်ပွဲများ ကျင်းပပြီး ဆုရရှိသူများကို တိုင်းအဆင့်ပြိုင်ပွဲများ ယှဉ်ပြိုင်စေမည်ဖြစ်။**

ဒေါက်တာလှမြင့်
ရန်ကုန်တိုင်းကျန်းမာရေးဦးစီးမှူး။
ဓာတ်ပုံမှတ်တမ်း-သိန်းဝင်းလေး (မြန်မာ့အလင်း)

**ပညာပေးလုပ်ငန်း**

ရက်သတ္တပတ်အကြိုလှုပ်ရှားမှုအနေဖြင့် ယခု ခရိုင်အလိုက် အချက်အပြုတ်နှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲတွေကျင်းပပြီး ဆုရရှိသူများကို တိုင်းအဆင့်ပြိုင်ပွဲမှာ ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း၊ ဆားစက်ကထုတ်လုပ်သည့် အိုင်အိုဒင်းဆားနှင့် ဈေးဆိုင်များတွင်ရောင်းချသည့်အိုင်အိုဒင်းဆားများကို သတ်မှတ်စံချိန်ရှိ မရှိ အရည်အသွေးစစ်ဆေးမည်ဖြစ်ကြောင်း၊ အာဟာရပညာပေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း" ရှင်းပြသွားသည်။

တိုင်းအာဟာရ လေ့ကျင့်ကွပ်ကဲရေး အဖွဲ့ခေါင်းဆောင် ဒေါက်တာဝင်းရည်မွန်က အချက်အပြုတ်ပြိုင်ပွဲရည်ရွယ်ချက်နှင့်ပတ်သက်၍ ပြောကြားရာတွင် "ပြည်သူလူထုအတွင်း အာဟာရကြွယ်ဝမျှတသည့် အစားအစာများ လက်တွေ့ချက်ပြုတ်တတ်စေရန်နှင့် ဆင့်ပွားပညာပေးတတ်စေရန်၊ ပြည်သူလူထု လိုက်နာကျင့်သုံးခြင်းဖြင့် အာဟာရချို့တဲ့သည့်ရောဂါများမှ ကာကွယ်ပေးနိုင်ရန်၊ ယခုလိုပြိုင်ပွဲများကျင်းပခြင်းဖြင့် တန်ဖိုးနည်းပြီး အာဟာရပြည့်ဝအောင် ချက်ပြုတ်စားသောက်ရမည်ဆိုသည့် အသိဝင်လာနိုင်ကြောင်း" မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသွားခဲ့ပေသည်။ ॥

**သတင်းမှတ်စုနှင့်ဓာတ်ပုံ-သိန်းဝင်းလေး (မြန်မာ့အလင်း)**


အာဟာရပြည့်လျှင်ရောဂါစင်၊ ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ

**အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်**

(၁-၉-၂၀၀၆ မှ ၁၄-၉-၂၀၀၆)

- ❑ မိသားစုတိုင်း အိုင်အိုဒင်းဆားကို စားသုံးပါ။
- ❑ အရွယ်ရောက်ပြီးသူအမျိုးသမီးတိုင်း သံဓာတ်အားဆေးကို မှီဝဲပါ။
- ❑ ခြောက်လ မှ ငါးနှစ်အောက်ကလေးများအား အင်အားပြည့် ဗီတာမင်အေဆေးလုံးတိုက်ပါ။
- ❑ အသက်ခြောက်လအထိ မိခင်နို့ တစ်မျိုးတည်းသာ တိုက်ကျွေးပါ။
- ❑ အသက်အရွယ်မရွေး အာဟာရပြည့်ဝသည့် အစားအစာများ စုံလင်စွာစားပါ။
- ❑ အသက် နှစ်နှစ်မှ ငါးနှစ်အောက် ကလေးများနှင့် မူလတန်းအရွယ် ကလေးများအား ခြောက်လတစ်ကြိမ် သန်ချဆေးတိုက်ပါ။ ကိုယ်ဝန်သုံးလအထက် ကိုယ်ဝန်ဆောင်များအား သန်ချဆေးတစ်ကြိမ်တိုက်ပါ။


## ဗီဒီယိုဈေးကွက်အတွင်းမြန်မာဗီဒီယိုဇာတ်ကားများ လိမ်လည်ရောင်းချမှုများပေါ်ပေါက်လျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁**

ဗီဒီယို ဆင်ဆာအဖွဲ့က စစ်ဆေးခွင့်ပြုထားသော ဈေးကွက်ဝင် သရုပ်ဆောင်များပါရှိသည့် ဗီဒီယို ဇာတ်ကားများအတွင်းမှ သရုပ်ဆောင်တူညီသော ဇာတ်ဝင်ခန်းများကို စုစည်း၍ ဇာတ်ကားတစ်ကား ဖန်တီးကာ ဗီဒီယိုဆင်ဆာအဖွဲ့က ထုတ်ပေးသော ဆင်ဆာလက်မှတ်ကြီး၊ လက်မှတ်အသေး၊ ဆင်ဆာအမှတ်များကို အတုပြုလုပ်ပြီး ဝယ်ယူလိုသူအား ယုံကြည်အောင် လိမ်လည်ပြောဆိုရောင်းချမှုများရှိနေကြောင်း ဗီဒီယို ဆင်ဆာအဖွဲ့က ပြောကြားသည်။

**မသမာစွာ**

ဩဂုတ် ၃၀ ရက်တွင် ကျင်းပသော ဗီဒီယို ဆင်ဆာအဖွဲ့အစည်းအဝေး၌ ဈေးကွက်အတွင်း ရောက်ရှိနေသော မဏိဇောတ ဗီဒီယို ထုတ်လုပ်ဖြန့်ချိရေးက ရောင်းချထားသည့် **"မဆုံတဲ့ဖူးစာ"**အမည်ရှိ ဇာတ်ကားကို ပြန်လည်စိစစ်ရာ အဆိုပါဇာတ်ကားသည် သရုပ်ဆောင်လူမင်း၊ နန္ဒာလှိုင်တို့ပါဝင်သော ဇာတ်ကားများ၏ ဇာတ်ဝင်ခန်းများကို စုစည်းထားသော ဇာတ်ကားတစ်ကားသာဖြစ်ပြီး ရေးသားဖော်ပြထားသော ထုတ်လုပ်ရေး၊ဒါရိုက်တာ၊ ဝတ္ထု အမည်များမှာလည်း မရှိကြောင်း၊ ဇာတ်ညွှန်းနှင့် သရုပ်ဆောင်များမှာလည်း အမည်နှင့်ရုပ်ပုံများကို မသမာစွာ ထည့်သွင်းအသုံးပြုထားခြင်းသာဖြစ်ကြောင်း သိရှိရသည်။

**အရေးယူနိုင်ရေး**

အဆိုပါ ဇာတ်ကားလက်ဝယ်ရှိသူများအနေဖြင့် နီးစပ်ရာ ဗီဒီယိုလုပ်ငန်းစိစစ်ကြီးကြပ်ရေးကော်မတီ ဗီဒီယိုအခြေခံ အဖွဲ့တို့သို့ အပ်နှံရန်လိုအပ်ကြောင်းနှင့် ဖော်ထုတ်အရေးယူနိုင်ရေးနှင့် တားဆီးနိုင်ရေးအတွက် မြန်မာ့ရုပ်ရှင်လုပ်ငန်းနှင့် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးတို့က ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ကံထူးရှင်ရွေးချယ်

**ရန်ကုန် စက်တင်ဘာ ၁**

(၂၁၂)ကြိမ်မြောက်ကျပ်၁၀၀၀တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသည့် ဆုကြီးများမှာ အောက်ပါအတိုင်းဖြစ်သည်။

**ကျပ်သိန်း(၅၀၀)အထူးဆု**

ဖ-၅၁၁၇၂၁

**ကျပ်သိန်း(၃၀၀)ဆုများ**

တ-၂၇၀၂၁၁
ခ-၄၀၉၂၇၉

**ကျပ်သိန်း(၂၀၀)ဆုများ**

ပ-၅၂၀၆၇၇ ရ-၈၄၆၃၄၁
ဇ-၃၃၂၉၁၆ ဆ-၂၅၀၆၀၈

**ကျပ်သိန်း(၁၀၀)ဆုများ**

မ-၆၆၆၆၄၁ ဈ-၃၀၇၆၉၆
ဆ-၁၀၅၀၁၀ ဏ-၂၅၂၆၄၀
ဂ-၈၉၇၃၈၆ ဃ-၄၅၃၇၁၀
စ-၈၇၉၈၃၃ ဒ-၃၇၁၈၄၅
ဃ-၉၂၅၉၂၇ စ-၁၈၃၃၇၃
ဘ-၈၉၃၅၂၁ ဖ-၇၇၀၉၅၄
မ-၁၀၆၀၀၀ ဝ-၂၇၅၄၄၇
ယ-၁၂၂၃၈၇

**ကျပ်သိန်း(၁၀၀)မင်္ဂလာစုံတွဲ**

ခ-၇၅၃၁၄၁ န-၅၇၂၃၀၀
ယ-၈၆၅၉၃၁ ၎-၃၅၉၆၆၁
စ-၅၆၄၂၃၆ ရ-၇၁၁၆၃၂
ခ-၄၄၆၈၂၉ တ-၉၄၂၉၀၉
ဍ-၁၃၉၆၇၂ ထ-၂၉၁၁၁၁
ဃ-၄၆၇၁၀၈ ဝ-၈၇၃၇၉၀
ဒ-၇၉၆၂၅၂ သ-၄၁၀၅၄၆
၎-၇၄၇၂၇၀ သ-၄၄၄၁၉၅

## * ရှေ့ဖုံးမှ

### ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးများနှင့်အဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ် တောင်ကိုင်းကျေးရွာအုပ်စု ဆင်းရွှေလီမျိုးသန့်ဇုန်သို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဆင်းရွှေလီမျိုးသန့်ဇုန်ရှိ အထူးအထွက်တိုး ဆင်းရွှေလီစပါးပင်မှ ပင်ပွားထွက်ရှိမှုကို ကြည့်ရှုစစ်ဆေးရာ မိုးမိတ်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မန်နေဂျာက ရှင်းလင်းပြသသည်။

### အားပေးစကားပြောကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ် ပဒန်းကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသာလွန်းနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များအား ရှင်းလင်းဆောင်၌ မြို့နယ်မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းမန်နေဂျာ ဦးတင်ဦးက ပဒန်းကျေးရွာအုပ်စုအတွင်း ခြံစည်းရိုးကြက်ဆူပင် ဧက ၁၀၀ တစ်ဆက်တစ်စပ်တည်း စိုက်ပျိုးပြီးစီးမှု၊ ပျိုးပင်ပျိုးစေ့စုဆောင်းရရှိမှုနှင့် ၂၇၁၂ ဧက စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဧက ၁၀၀စိုက်ခင်းအတွင်းရှိ ခြံစည်းရိုးကြက်ဆူပင်များကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ် ညောင်ပင်စောက် အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ကျောင်းသားကျောင်းသူလေးများက မြန်မာ့ကျောင်းသီချင်းကို သီဆို၍ ဂါရဝပြုကြိုဆိုကြသည်။

### ပြုစုပျိုးထောင်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် ကျောင်းအုပ်ကြီး ဦးအုန်းညွန့်တို့အား အရည်အချင်း ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်ရေးနှင့် ကျောင်းပရဝဏ်အတွင်း တည်းပင်နှင့် ထောပတ်ပင်များ စိုက်ပျိုးရေးတို့ကို မှာကြားပြီး အသစ်ဆောက်လုပ်ပြီးစီးသွားသည့် နှစ်ထပ်ကျောင်းဆောင်သစ်ကို ကြည့်ရှုစစ်ဆေးသည်။

ညောင်ပင်စောက် အခြေခံပညာအထက်တန်းကျောင်းမှ ၂၀၀၅–၂၀၀၆ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ လေးဘာသာဂုဏ်ထူးရှင် တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် တစ်ဦးနှင့် နှစ်ဘာသာဂုဏ်ထူးရှင် တစ်ဦးတို့ ပေါ်ထွန်းအောင်မြင်ခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးများနှင့်အဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့ကျက်သရေဆောင်ခန်းမ၌ ခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများနှင့် ဒေသခံပြည်သူများအား တွေ့ဆုံကြသည်။

### ထောက်ပံ့ပေးအပ်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က မိုးမိတ်မြို့နယ်နှင့် မဘိမ်းမြို့နယ် ပြည်သူ့ဆေးရုံဆေးပဒေသာပင်အတွက် ငွေကျပ်နှစ်သိန်းစီနှင့် ဆေးရုံတက်လူနာများအတွက် စားသောက်ဖွယ်ရာများ၊ မြို့နယ်ရှိ ကျောင်းသားကျောင်းသူများအတွက် စာရေးကိရိယာများနှင့် မြို့နယ်များမှ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့အတွက် ဗွီစီဒီစက်တို့ကို တာဝန်ရှိသူများအား အသီးသီး ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် က ၂၀၀၅–၂၀၀၆ခု ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ညောင်ပင်စောက် အခြေခံပညာအထက်တန်းကျောင်းမှ ငါးဘာသာဂုဏ်ထူးရှင် မောင်ကျော်သူနှင့် လေးဘာသာဂုဏ်ထူးရှင် မောင်မြတ်ကို၊ မိုးမိတ်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ လေးဘာသာဂုဏ်ထူးရှင် မဝင့်ဟေမန်တို့အား ဂုဏ်ပြုဆုများကို ပေးအပ်သည်။

### ကျေပွန်စွာထမ်းဆောင်

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကားပြောကြားရာတွင် ဌာနဆိုင်ရာဝန်ထမ်းများသည် ဝန်ကြီးဌာန၏ပင်ရင်းလုပ်ငန်းတာဝန်များအပြင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ် အောင်မြင်ရေးအတွက် ဒေသအာဏာပိုင်များက ပေးအပ်သောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ ယခင်က ကချင်ပြည်နယ်တွင် မန္တလေး–ရွှေဘို–မြစ်ကြီးနား မီးရထားလမ်းတစ်ခုသာ အားကိုးရကြောင်း၊ ယခုအခါ မန္တလေး–ရွှေဘို–မြစ်ကြီးနားကားလမ်းအပြင် မန္တလေး–တကောင်း–ငါးအိုး–ရွှေကူ–ဗန်းမော်–မြစ်ကြီးနား လမ်းဖောက်လုပ်ပေးခဲ့သဖြင့် ပြည်သူလူထုများ အလွယ်တကူသွားလာနိုင်ပြီ ဖြစ်ကြောင်း၊ ကုန်စည်ပို့ဆောင်ရေးသာမက လူစီးမှန်လုံယာဉ်များပင် နေ့ည ပြေးဆွဲလျက်ရှိကြောင်း၊ ဌာနဆိုင်ရာဝန်ထမ်းများအနေဖြင့် ဒေသခံပြည်သူများနှင့် လက်တွဲ၍ ဒေသဖွံ့ဖြိုးရေးအတွက် တက်တက်ကြွကြွ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုးမိတ်မြို့နယ်ပြည်သူ့ဆေးရုံသို့ရောက်ရှိကြရာ ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ညွန့်စိန်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိုင်းစံဝင်းနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်အုန်းမြင့်၊ တိုင်းမှူးဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် အမျိုးသားလူနာဆောင်နှင့် အမျိုးသမီးသားဖွားမီးယပ်ဆောင်တို့မှ လူနာများအား စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ကြသည်။

### လှည့်လည်ကြည့်ရှု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် အထူးကြပ်မတ်ကုသခန်း၊ ခွဲစိတ်ခန်း၊ သွားဘက်ဆိုင်ရာဌာန၊ ဓာတ်မှန်ခန်းနှင့် ဆေးသိုလှောင်ရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် မိုးမိတ်မြို့ရှိ ရွှေပင့်ကူရေခဲစက်နှင့် မီးပေးဝေမှုလုပ်ငန်းသို့ ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးရွှေမောင်က စပါးခွံလောင်စာသုံးစက်ဖြင့် မီးစက်လည်ပတ်၍ လုပ်ငန်းဆောင်ရွက်နေမှုနှင့် ရပ်ကွက်အတွင်း လျှပ်စစ်မီးဆောင်ရွက်ပေးမှုတို့ကို ရှင်းလင်းတင်ပြသည်။

အဆိုပါစပါးခွံလောင်စာသုံးမီးစက်ဖြင့် အိမ်ခြေ၃၆၀အတွက် နှစ်ပေမီးချောင်း အချောင်း၄၀၀ကို မီးထွန်းပေးနေသကဲ့သို့ ရေခဲစက်လုပ်ငန်းကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် မိုးမိတ်တပ်နယ်ရှိ ခြံစည်းရိုးကြက်ဆူပင်စိုက်ခင်းခြံ အမှတ်(၂) အပင်ရေ ၂၄၀၀စိုက်ခင်းကို ကြည့်ရှုစစ်ဆေးကြသည်။

### ရင်းရင်းနှီးနှီးတွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တပ်ရင်းအတွင်း မိသားစုဝင်များ၏ ခြံစည်းရိုးကြက်ဆူပင်နှင့် စားဖိုဆောင်သုံးသီးနှံစိုက်ခင်းများနှင့် တပ်နယ်စိမ်းလန်းစိုပြည်သာယာလှပရေး ဆောင်ရွက်ထားရှိမှုများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး တပ်နယ်မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ထောပတ်ပင်နှင့် တည်းပင်များကို စိုက်ပျိုးကြရေးမှာကြားသည်။ **(သတင်းစဉ်)**



**ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီရုံးခန်း(ဗဟန်း ၃လမ်းမှတ်တိုင်အနီး)တွင် ၈၃လမ်း ၃၇–၃၈လမ်းကြား အမှတ် ၄၅၉ နေ ဦးမျိုးဝင်း–ဒေါ်ကြင်မေခက်၊ သား မောင်မျိုးစည်သူ၊ မောင်ရဲဇာနည်၊ သမီး မေမျိုးမွန်၊ ချစ်မေတ္တာ မိသားစုက အလှူငွေကျပ်နှစ်သိန်းကို ကျောင်းဖြစ်မြောက်ရေးကော်မတီ ဘဏ္ဍာရေးမှူး ဦးဌေးမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## အထက(၃) ဗိုလ်တထောင် ရာပြည့်အကြို အာစရိယပူဇော်ပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း [ယခင်မက်သဒစ်(ခေါ်) ရေကျော်အစိုးရအထက်တန်းကျောင်း]မှ ကျောင်းသား ကျောင်းသူဟောင်းများ၏ ရာပြည့်အကြို သတ္တမအကြိမ်အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁၀ရက် (တနင်္ဂနွေနေ့) နံနက်ပိုင်းတွင် အဆိုပါကျောင်းရှိ သစ္စာခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းကျောင်းကို ၁၉၀၇ပြည့်နှစ်တွင် စတင်တည်ထောင်ခဲ့ရာ ၂၀၀၇ ခုနှစ်တွင် နှစ်တစ်ရာပြည့်မြောက်တော့မည်ဖြစ်၍ ယခုနှစ် အာစရိယပူဇော်ပွဲကို ၂၀၀၆–၂၀၀၇ ခုပညာသင်နှစ်တွင် ပညာသင်ကြားနေကြသည့် ကျောင်းသားကျောင်းသူများအပါအဝင် ရာပြည့်အကြိုအဖြစ် စည်ကားသိုက်မြိုက်စွာကျင်းပရန် စီစဉ်ထားသည်။

အဆိုပါ အာစရိယပူဇော်ပွဲတွင် ပါဝင်လှူဒါန်းလိုသူများသည် သဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဖုန်း–၀၉ ၅၁၃၅၄၇၀ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဆွေ ဖုန်း–၂၉၄၃၂၂၊ ဦးကျော်အောင် ဖုန်း–၇၀၃၂၂၀နှင့် ၂၉၅၅၅၆၊ ဦးလှသိန်း ဖုန်း–၂၉၄၁၁၀ လိုင်းခွဲ(၁၀)၊ ဦးကျော်ဝင်း ဖုန်း–၅၇၉၃၁၉၊ ဦးခင်မောင်ဦး၊ ဒေါ်သိန်းသိန်းရင် ဖုန်း–၅၇၂၃၅၂၊ ဦးမောင်မောင်ဇော်ဝင်း ဖုန်း–၅၇၁၁၃၄၊ ဦးသန့်ဇင် ဖုန်း–၆၆၂၈၅၁နှင့် ဒေါ်လှဲ့လှဲ့ဝင်းဟန် ဖုန်း–၀၉၅၀၀၆၈၄၃ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ကျောက်စိမ်းရောင်းချ

**စက်တင်ဘာ ၁ ရက်က ပြည်ထောင်စု မြန်မာနိုင်ငံ စီးပွားရေး ဦးပိုင်လီမိတက်၏ (၂၁)ကြိမ်မြောက် ကျောက်မျက်နှင့် ကျောက်စိမ်းရောင်းချပွဲ(၂၀၀၆)ကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ ဆက်လက်ကျင်းပစဉ်။**

(သတင်းစဉ်)

## မြန်မာ–အိန္ဒိယ စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁**

ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့ အခြေစိုက် Indo-Myanmar Chamber of Commerce & Industries တို့ ပူးပေါင်းစီစဉ်မှုဖြင့် အိန္ဒိယ–မြန်မာ စီးပွားရေးလုပ်ငန်းရှင်များဆွေးနွေးပွဲကို စက်တင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီမှ ညနေ၄ နာရီအထိ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်း UMFCCI Office Tower ရှိ ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၌ ကျင်းပမည်ဖြစ်သည်။

### ဆွေးနွေးမည်

တွေ့ဆုံပွဲတွင် Indo-Myanmar CCI ဥက္ကဋ္ဌ Mr. G. L Goenka ခေါင်းဆောင်သည့် အဖွဲ့ဝင် ၁၅ ဦးပါ ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် ပဲမျိုးစုံ၊ သစ်တောထွက်ပစ္စည်း၊ ဆေးနှင့်ဆေးပစ္စည်း၊ မော်တော်ယာဉ်အပို ပစ္စည်း၊ ဘွိုင်လာပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ ဓာတုဗေဒပစ္စည်း၊ လက်မှုပညာပစ္စည်း၊ စက်ကိရိယာပစ္စည်း၊ အစားအသောက် အရောင်တင်ဆေးပစ္စည်းများ ရောင်းဝယ်မှုလုပ်ငန်းကိစ္စများနှင့် ခရီးသွားလုပ်ငန်းကိစ္စရပ်များကို တစ်ဦးနှင့်တစ်ဦး မျက်နှာစုံညီ အပြန်အလှန် ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်သည်။

### ဆက်သွယ်စာရင်းပေးသွင်း

အဆိုပါ အိန္ဒိယ–မြန်မာ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း တွေ့ဆုံဆွေးနွေးပွဲသို့ တက်ရောက်လိုသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဖုန်း–၂၁၄၃၄၄ မှ ၂၁၄၃၄၉ အတွင်းရှိ ဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးသွင်းရမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်

**ရန်ကုန် စက်တင်ဘာ ၁**

၁၃၆၈ခုနှစ် တော်သလင်းလဆန်း ၁၅ရက် (စက်တင်ဘာ ၆ ရက်) ဗုဒ္ဓဟူးနေ့ ည ၇နာရီတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် စစ်ကိုင်းတိုင်း စစ်ကိုင်းမြို့ ဇေယျာသိန်ပါဠိတက္ကသိုလ်ကျောင်းတိုက်၏ ဦးစီးပဓာန နာယကဖြစ်တော်မူသော ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တပညာသိရီသည် ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားများကို ဟောကြားချီးမြှင့်တော်မူမည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

**၂၀၀၅–၂၀၀၆ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အခြေခံပညာ အလယ်တန်းကျောင်း(လေးထောင့်ကန်)၌ ဩဂုတ် ၂၇ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးအေးသင်းက သတ္တမတန်းမှ အတန်းချုပ် ပထမဆုရ မဆုဆုအောင်အား ဆုချီးမြှင့်စဉ်။** (က–ပ)



# ဧရာဝတီတိုင်း ၂၆မြို့နယ် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်

**ရန်ကုန် စက်တင်ဘာ ၁**

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဖလား ၂၆ မြို့နယ် အမျိုးသား၊ အမျိုးသမီး ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၂၅ရက် မွန်းလွဲ၂နာရီက ပုသိမ်မြို့ ကိုးသိန်းအားကစားခန်းမ၌ ပြုလုပ်ရာ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

ထို့နောက် တိုင်းမှူးက ပြိုင်ပွဲဝင် အားကစားသမားများအား မြန်မာ့အားကစားအဆင့်အတန်း တိုးတက်မြင့်မားရေး၊ အရည်အချင်းပြည့်ဝသော တိုင်းဂုဏ်ဆောင်၊ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများဖြစ်စေရန် ကြိုးစားအားထုတ်ရေး၊ အားကစားသမားကောင်းစိတ်ဓာတ်မွေးမြူ၍ သန့်သန့်ရှင်းရှင်း ယှဉ်ပြိုင်သွားရေး မှာကြားကာ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။

၎င်းနောက် ဖွင့်ပွဲ ပွဲစဉ်အဖြစ် ဝါးခယ်မမြို့နယ်နှင့် မအူပင်မြို့နယ် အမျိုးသားပိုက်ကျော်ခြင်းအသင်း ယှဉ်ပြိုင်မှုကိုလည်းကောင်း၊ ပန်းတနော်မြို့နယ်နှင့် ငပုတောမြို့နယ် အမျိုးသမီးပိုက်ကျော်ခြင်းအသင်းတို့ ယှဉ်ပြိုင်မှုကိုလည်းကောင်း ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● *ကျောဖုံးမှ*

## တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်၊ ဒုတိယဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ကော်မတီဝင်များ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ ဇနီး ဒေါ်မာမာဝေ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဗဟိုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒေါ်အေးအေး၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr. Yu Boren၊ ယဉ်ကျေးမှု သံမှူး Mr.Wang Ruiqing ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ ဝူရှူးသရုပ်ပြအဖွဲ့ခေါင်းဆောင် Miss Yan Li Sheng၊ မြန်မာနိုင်ငံ အားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ၊ မျိုးဆက်သစ် အားကစားသမားများ၊ ကျောင်းသား ကျောင်းသူများ၊ အထူးဖိတ်ကြားထားသူများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင်တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဝူရှူးအားကစားအဖွဲ့ချုပ်မှ ဝူရှူးအားကစားသရုပ်ပြ အဖွဲ့ဝင်များ ကွင်းအတွင်း ဝင်ရောက်နေရာယူကြပြီး ပရိသတ်များအား ဂါရဝပြုမိတ်ဆက်သည်။

## လိုက်လံနှုတ်ဆက်

ထို့နောက် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာတရုတ်ပြည်သူ့ သမ္မတနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ Mr.Yu Boren ၊ ယဉ်ကျေးမှု သံမှူး Mr. Wang Ruiqing၊ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ ဝူရှူးသရုပ်ပြအဖွဲ့ခေါင်းဆောင်တို့က ဝူရှူးသရုပ်ပြ အဖွဲ့ဝင်များအား လိုက်လံနှုတ်ဆက်ကြသည်။

ယင်းနောက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ ဝူရှူးသရုပ်ပြ အဖွဲ့ဝင်များက အုပ်စုလိုက်ဓားကစားကွက်၊အခက်အခဲ ကစားကွက်၊ရိုးရာလက်နက် အသုံးပြု၍ ကစားရသည့် သံကွင်းကိုးဆစ်ကစားကွက်၊ ဓားမောက်နှစ်လက်ကစားကွက်၊ တုတ်ဓားမောက်ကစားကွက်၊ ဓားမောက်ကစားကွက်၊ လှံရှည်ကစားကွက်၊ နှစ်ဖက်သွား ကစားကွက်၊ ဖန်းဇီချွမ်ကစားကွက်၊ နန်ကွန့်ကစားကွက်၊ ထိုက်ကျိချွန် ကစားကွက်၊ ချန်ချွမ်ကစားကွက်၊ အုပ်စုလိုက်လက်ကစားကွက်နှင့် အတိုက်ကစားကွက်စသည့် ဝူရှူးအားကစား သရုပ်ပြကွက်များကို ပြသကြသည်။

## ဂုဏ်ပြုပန်းခြင်းပေးအပ်

ထို့နောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့ သမ္မတနိုင်ငံသံရုံး သံရုံးယာယီတာဝန်ခံ Mr.Yu Boren တို့က ဝူရှူးသရုပ်ပြ အဖွဲ့ခေါင်းဆောင် Miss Yan Li Sheng အား ဂုဏ်ပြုပန်းခြင်း ပေးအပ်ပြီး သရုပ်ပြပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ဝူရှူးအားကစား သရုပ်ပြပွဲကို စက်တင်ဘာ ၂ရက် ညနေ ၃နာရီတွင် နောက်ဆုံးနေ့အဖြစ် တင်ဆက်ပြသသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**



# အသင်းအထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ဂျပန်လူငယ်ချစ်ကြည်ရေးအဖွဲ့ တွေ့ဆုံ

**ရန်ကုန် စက်တင်ဘာ ၁**

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးအား ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ လူငယ်များဖွံ့ဖြိုးမှုဖလှယ်ရေး အစီအစဉ်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး အလည်အပတ်ရောက်ရှိနေသော Mr. Munehiko Mochida ခေါင်းဆောင်သည့် ဂျပန်လူငယ် ၁၂ဦးတို့ ပါဝင်သော ချစ်ကြည်ရေးအဖွဲ့သည် ယနေ့ညနေ ၅နာရီက ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်းသစ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဌာနချုပ်ရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။ **(အပေါ်ပုံ)**

## တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် အသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့်အတူ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးအောင်သိန်းလင်းနှင့် ဦးမောင်ပါ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှ ဌာနချုပ်မှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက မြန်မာနိုင်ငံအကြောင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီး၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။

## ရှင်းလင်းပြောကြား

ထို့နောက် ဂျပန်လူငယ် ချစ်ကြည်ရေးအဖွဲ့ခေါင်းဆောင် Mr. Munehiko Mochida က ကျေးဇူးတင်စကားပြောကြားပြီး အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ဂျပန်လူငယ် ချစ်ကြည်ရေးအဖွဲ့၏ သိရှိလိုသည်များကို ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲ အပြီးတွင် အထွေထွေအတွင်းရေးမှူး ဦးဌေးဦးနှင့် ဂျပန်လူငယ် ချစ်ကြည်ရေးအဖွဲ့တို့သည် လက်ဆောင်များကို အပြန်အလှန်ပေးအပ်ကြပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

# နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်း ဗီယက်နမ်အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၀၆ ခုနှစ် စက်တင်ဘာ ၂ရက်တွင် ကျရောက်သော ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၁)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံမှ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာဖန်ဇာခီရမ်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

# မှာရန်ရာနှုန်း ၈၀

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။**

# ဒုတိယဝန်ကြီး ဦးမောင်မြင့် ထိုင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ အလုပ်သမားရေးရာပူးပေါင်းဆောင်ရွက်မှု ခင်မင်ရင်းနှီးစွာဆွေးနွေးခဲ့

ရန်ကုန် စက်တင်ဘာ ၁

**ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် H.E Sub. Lt. Prapas Limpabandhu ၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့်ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံမှ လေကြောင်းခရီးဖြင့် ထိုင်းနိုင်ငံသို့ တရားဝင် မြန်မာအလုပ်သမားများတင်ပို့ရေးကိစ္စ ဆွေးနွေးပွဲသို့တက်ရောက်ရန် ဩဂုတ်၂၆ရက်တွင် ထိုင်းနိုင်ငံသို့ သွားရောက်ခဲ့ပြီး ဩဂုတ် ၃၀ရက်တွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့သည်။**

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ၌ရှိစဉ် ဩဂုတ် ၂၆ရက်တွင် အလုပ်သမားရေးရာ ဝန်ကြီးဌာန ဝန်ကြီး Mr. Somsak Thepsutin ခေါင်းဆောင်သည့် ထိုင်းကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ ဩဂုတ် ၂၈ရက်တွင် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၏ အကြံပေးပုဂ္ဂိုလ် H.E Sub. Lt. Prapas Limpabandhu ခေါင်းဆောင်သည့် ထိုင်းအလုပ်သမား ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း သီးခြားစီတွေ့ဆုံကာ မြန်မာ-ထိုင်း နှစ်နိုင်ငံကောင်စစ်ရေးရာကိစ္စ၊ ထိုင်းနိုင်ငံသို့ တရားဝင် မြန်မာအလုပ်သမားများ စေလွှတ်ရေးကိစ္စ၊ ထိုင်းနိုင်ငံတွင် ရောက်ရှိနေသော မြန်မာအလုပ်သမားကိစ္စနှင့် အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်တို့ကို ခင်မင်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

## ဆွေးနွေးခဲ့

ထို့အပြင် ဒုတိယဝန်ကြီး ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ် နှင့် တရားရေးဝန်ကြီးဌာန ဝန်ကြီး H.E. Pol. Gen. Chidchai Vanasatidya အား ဩဂုတ်၂၈ရက်တွင် သွားရောက်တွေ့ဆုံ ဆွေးနွေးခဲ့သည်။

## သဘောတူညီမှုရရှိ

တွေ့ဆုံဆွေးနွေးပွဲ၌ ထိုင်းနိုင်ငံသို့ ရောက်ရှိနေသော မြန်မာအလုပ်သမားများအား ကြိုတင်စိစစ်မှု ပြုလုပ်ပြီး တာချီလိတ်၊ မြဝတီနှင့် ကော့သောင်းတို့၌ စိစစ်ရေးစခန်းသုံးခု ဖွင့်လှစ်၍ ယာယီနိုင်ငံကူးလက်မှတ်များကို နေ့ချင်းပြီး ထုတ်ပေးနိုင်ရေးနှင့် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ တရားဝင်သွားရောက်မည့် အလုပ်သမားများအတွက်လည်း ၎င်းစိစစ်ရေးစခန်း သုံးခုမှပင် ယာယီနိုင်ငံကူးလက်မှတ်များ ထုတ်ပေးကာ သွားရောက်နိုင်ရေးတို့ကို သဘောတူညီမှုများ ရရှိခဲ့သည်။

## လိုက်ပါ

နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မြင့် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦး၊ ပြည်ထဲရေးဝန်ကြီးဌာန သတင်းတပ်ဖွဲ့ တပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်သိန်း၊ အလုပ်သမားဝန်ကြီးဌာန အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်ရှိန်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်သီဝနှင့် ကောင်စစ်ရေးရာဌာနမှ ဌာနစုမှူး ဦးကျော်ထွန်းဝေတို့သည် ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားခဲ့ကြသည်။ **(သတင်းစဉ်)**

# ရန်ကုန်-မန္တလေး အထူးအမြန် လူစီးရထားပြေးဆွဲခြင်း ကြေညာချက်

**ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အထူးအမြန် လူစီးရထားကို ၄-၉-၂၀၀၆ရက်မှ စတင်ပြေးဆွဲမည်ဖြစ်ရာ ရန်ကုန်-မန္တလေး အထူးအမြန် လူစီးရထားသည် ရန်ကုန်ဘူတာကြီးမှ နေ့စဉ် ညနေ ၅နာရီတွင်လည်းကောင်း၊ မန္တလေး-ရန်ကုန် အထူးအမြန်လူစီးရထားသည် မန္တလေးဘူတာကြီးမှ နေ့စဉ် ညနေ၄နာရီ ၁၅မိနစ်တွင်လည်းကောင်း ထွက်ခွာမည်ဖြစ်ကြောင်းနှင့် လမ်းခရီးတွင် ပျဉ်းမနားဘူတာ၌သာ ရပ်တန့်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။** မြန်မာ့မီးရထား။

# NLD သည် ပါတီနိုင်ငံရေးကိုသာဆောင်ရွက်နေခြင်းမဟုတ်၍ မော်လမြိုင်ကျွန်းမြို့နယ်မှ ပါတီဝင် ၄၈ ဦး ထပ်မံနုတ်ထွက် မြို့နယ်မှ စုစုပေါင်းနုတ်ထွက်သူပါတီဝင် ၁၅၂ ဦးရှိပြီ

**ရန်ကုန် စက်တင်ဘာ ၁**

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ဦးဝင်းခယ်၊ ဦးသိန်းအောင်၊ ဦးကျော်တင့်၊ ဦးမြင့်ကြည်၊ ဒေါ်သန်းလှ(၂)၊ မချယ်ရီ၊ ဦးမြင့်မိုး၊ ဦးအောင်သိန်း၊ ဦးအောင်မြင့်နှင့် မကေသီတို့ အပါအဝင် ပါတီဝင် ၄၈ဦးတို့သည် ဇူလိုင်၁၅ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း ၎င်းတို့၏ ဆန္ဒအလျောက် နုတ်ထွက်လွှာများကို လက်မှတ်ရေးထိုးကာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ဌာနချုပ်သို့လည်းကောင်း၊ သက်ဆိုင်ရာ ဒေသအာဏာပိုင် အဖွဲ့အစည်းများသို့လည်းကောင်း နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

## ဖော်ပြထား

မော်လမြိုင်ကျွန်းမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီသည် တိုင်းပြည်နှင့်လူမျိုး ဒုက္ခရောက်စေမည့် ထိပ်တိုက်ရင်ဆိုင်တွေ့ဆုံရေးလုပ်ရပ်များကိုသာ ရှေးရှုဆောင်ရွက်နေကြောင်း၊ ပါတီနိုင်ငံရေး သန့်သန့်ကိုသာ ဆောင်ရွက်နေခြင်းမျိုး မဟုတ်သဖြင့် NLD ပါတီဝင်များအဖြစ် ဆက်လက်ရပ်တည်လိုစိတ်မရှိ၊ NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ်တွင်လည်း ယုံကြည်အားထားမှု မရှိတော့သဖြင့် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ယခုနုတ်ထွက်သော NLD ပါတီဝင် ၄၈ဦး အပါအဝင် စုစုပေါင်း ပါတီဝင် ၁၅၂ဦး နုတ်ထွက်ခဲ့ကြပြီးဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၂-၉-၂၀၀၆ (စနေနေ့)**

| | |
|---|---|
| ၇း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ | ကွန်ရက်ပမာယုက်သွယ်ဖြာ |
| ၇း၁၅ | တေးဂီတအစီအစဉ် |
| ၇း၂၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၇း၃၀ | Fashion Fever (ထပ်ဆင့်အကယ်ဒမီ ခင်သီတာထွန်းနှင့် တွေ့ဆုံခြင်း) |
| ၈း၀၀ | တေးဂီတအစီအစဉ် |
| ၈း၀၅ | သီးနှံအထွက်တိုးစေမည့် ရာသီပြောင်းစက်များ |
| ၈း၂၅ | တေးဂီတအစီအစဉ် |
| ၈း၃၀ | တစ်ပတ်အတွင်း အားကစားသတင်း |
| ၈း၄၅ | တေးဂီတအစီအစဉ် |
| ၈း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၈း၅၅ | ပန်းရောင်စုံပွင့်လန်း လှိုင်ကော်အိမ်တွင်းမှုသင်တန်း |
| ၉း၀၅ | တေးဂီတအစီအစဉ် |
| ၉း၁၀ | သဘာဝကပေးတဲ့ အကျိုးအာနိသင် |
| ၉း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၉း၂၅ | နိုင်ငံတကာ အနုပညာရေးရာ |
| ၉း၅၀ | တေးဂီတအစီအစဉ် |
| ၉း၅၅ | သျှိုသျှားမြေမှစပျစ်ချို |
| ၁၀း၃၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၀း၄၀ | ယနေ့သိပ္ပံနှင့်နည်းပညာ |
| ၁၀း၅၀ | တေးဂီတအစီအစဉ် |
| ၁၀း၅၅ | နှလုံးသွေးကြောကျဉ်းရောဂါ ဟောပြောချက်(အပိုင်း-၂) (ဒေါက်တာခင်မောင်အေး) |
| ၁၁း၁၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၂၀ | တေးဂီတအစီအစဉ် |
| ၁၁း၂၅ | အောင်မြင်ကျော်ကြား မြန်မာ့ရုပ်ရှင်ဒါရိုက်တာများ မောင်မောင်ဦး(စနိုးဝိုက်)နှင့် တွေ့ဆုံခြင်း (ဒုတိယပိုင်း) |
| ၁၂း၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃း၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

**Euro Qualifiers 2008 ဘောလုံးပွဲစဉ်များ**

| ညပိုင်း | အစီအစဉ် | လိုင်း |
|---|---|---|
| ၁၀း၀၀ | ပွဲကြိုသုံးသပ်ချက် | 5-Sports (Live) |
| ၁၀း၂၀ | England-Andorra | 5-Sports (Live) |

# ချင်းတက်အကြောင်းတစေ့တစောင်း

**ဝင်းထိန်ကျော်**
**(တိုင်းရင်းဆေးပညာဦးစီးဌာန)**

တစ်နေ့သော ရုံးပိတ်ရက်တစ်ရက်၌ စာရေးသူသည် မိတ်ဆွေဖြစ်သူ ကိုသန့်စင်နှင့်အတူ ဆေးဖက်ဝင်အပင်များ ကျွမ်းကျင်သူ တိုင်းရင်းဆေးဆရာကြီး ဦးမြတ်ကျော်ထံသို့ သွားရောက်ခဲ့ကြပါသည်။ ဆရာကြီးသည် အသက်ရှစ်ဆယ်တွင်း ဝင်ရောက်ပြီဖြစ်သော်လည်း ခြောက်ဆယ်ခန့်ဟု ထင်ရလောက်အောင် အရွယ်တင်၏။ ဆေးပညာကျွမ်းကျင်သကဲ့သို့ လက္ခဏာ၊ ဗေဒင်လည်းတတ်ကျွမ်း၏။ စာတွေ့လက်တွေ့ ဗဟုသုတ လွန်စွာ စုံလင်လှ၏။ မြန်မာ့တိုင်းရင်းဆေးပညာဖြင့် လူနာများစွာ၏ အသက်ကို ကုသကယ်တင်ပေးနေသူလည်း ဖြစ်၏။ ထိုသို့ ကုသရာတွင် ၎င်းတို့၏ခြံတွင်းရှိ ဆေးဖက်ဝင်အပင်များကို လတ်လတ်ဆတ်ဆတ်ရယူကာ ကုသပေးလေ့ရှိ၏။ ထိုဆေးဖက်ဝင် အပင်များကိုလည်း ၎င်းကိုယ်တိုင် စိုက်ပျိုးထားခြင်းဖြစ်၏။ ဆေးကုသရာတွင် လွန်စွာ သက်သာသောနှုန်းထားဖြင့် ကုသပေး၏။ ရဟန်းတော်များ၊ သီလရှင်များ၊ သက်ကြီးရွယ်အိုများနှင့် ချို့တဲ့နွမ်းပါးသူများကိုမူ အခမဲ့ကုသပေးလေ့ရှိ၏။ စာရေးသူတို့လည်း ဆရာကြီးထံသို့ သွားရောက်တိုင်း ပညာရပ်ပိုင်းဆိုင်ရာ တစ်ခုမဟုတ် တစ်ခု ရတတ်သကဲ့သို့ ခြံတွင်းရှိ ဆေးပင်များကို ကူညီရှင်းဆွတ်ပေး၊ ကြိတ်ပေး၊ ထောင်းပေးခြင်းဖြင့် ကုသိုလ်လည်းရ၏။ စာရေးသူတို့ ရောက်သွားသောအခါ ဆရာကြီးသည် ခြံတွင်းရှိ ကွပ်ပျစ်တွင် ဆေးပင်များကိုလှီးဖြတ်၍ အခြောက်လှန်းရန် ပြင်ဆင်နေ၏။ အချို့အပင်များကိုလည်း စိုက်ပျိုးရန် စီစဉ်နေ၏။ ဆရာကြီး ဦးမြတ်ကျော်နှင့်တွေ့ဆုံခဲ့ရာမှ ရရှိခဲ့သော မှတ်သားဖွယ်ရာ တိုင်းရင်းဆေးပညာ ဗဟုသုတများကို တင်ပြလိုက်ရပါသည်။

"ဆရာကြီး၊ မနက်စောစော ဘာတွေလုပ်နေတာလဲ၊ ကျွန်တော်တို့ ဝိုင်းကူလုပ်ပေးမယ်လေ"

"မောင်လူမွန်နဲ့ မောင်သန့်စင်တို့ပါလား။ လာ၊ လာ ထိုင်ကြ။ အခုအချိန်က မိုးရာသီဆိုတော့ ဝါယောဓာတ်ဆိုတဲ့ လေဒေါသဖောက်ပြန်ပြီး လေနဲ့ပတ်သက်တဲ့ လေထိုးလေအောင့်၊ လေနာတို့၊ ဝမ်းလျှောဝမ်းပျက်တို့၊ ဝမ်းကိုက်တို့၊ တုပ်ကွေးတို့၊ အအေးပတ်တာတို့ အဖြစ်များတယ်လေ။ ဒါ့ကြောင့် အဲဒီရောဂါတွေအတွက် ဆေးဖော်ဖို့ စီစဉ်နေရတာပဲ"

"အဘ–အရင်တစ်ပတ်က ပြောခဲ့သလိုပဲ မြန်မာ့တိုင်းရင်းဆေးဝါးတွေဟာ အခုလို အလွယ်တကူဖော်စပ်နိုင်တယ်။ ပါဝင်တဲ့ ပစ္စည်းတွေကိုလဲ လက်တစ်ကမ်းအကွာမှာပဲ ရနိုင်တယ်။ နေရာတိုင်းမှာ ရနိုင်သလို ဈေးနှုန်းလဲချိုသာတယ်။ လူတန်းစားမရွေးလဲ သုံးနိုင်တယ်။ ဘေးထွက်ဆိုးကျိုးလဲနည်းတယ်။ ဒါ့အပြင် မြန်မာဘုရင်တွေအဆက်ဆက် တော်ဝင်ထီးသုံးနန်းသုံး ဆေးပညာဖြစ်ခဲ့တယ်။ ခေတ်အဆက်ဆက် အမြတ်တနိုးတန်ဖိုးထား ထိန်းသိမ်းပြီး အသုံးပြုလာခဲ့ကြတယ်လို့ပြောတာ မှတ်မိနေပါတယ်။ အင်္ဂလိပ်ကိုလိုနီခေတ်မှာတော့ မြန်မာ့တိုင်းရင်းဆေးပညာကို ဖိနှိပ်ခဲ့လို့ တိမ်မြုပ်ပျောက်ကွယ်လုမတတ် ဖြစ်ခဲ့ရတယ်။ ဒါပေမယ့် မျိုးချစ်စိတ်ရှိတဲ့ တိုင်းရင်းဆေးသမားတော်တွေက ကာကွယ်ထိန်းသိမ်းခဲ့လို့ မပျောက်ကွယ်ခဲ့ဘူး။ ဒီနေ့ခေတ်မှာ နိုင်ငံတော်ရဲ့ အားပေးချီးမြှောက်မှုတွေကြောင့် မြန်မာ့တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးလာပြီး တိုင်းရင်းဆေးရုံတွေ၊ ဆေးခန်းတွေ၊ တိုင်းရင်းဆေးတက္ကသိုလ်တွေ တည်ထောင်ဖွင့်လှစ်နိုင်တဲ့အထိ တိုးတက်လာတာမို့ နိုင်ငံတကာက အာရုံစိုက် အလေးထားရတဲ့ ဆေးပညာတစ်ရပ်အဖြစ် အရေးပါနေပြီဆိုတာလေ"

"ဟုတ်တာပေါ့ မောင်သန့်စင်ရယ်။ အခုခေတ်လို ခေတ်မီစက်တွေနဲ့ ထုတ်လုပ်ထားတဲ့ ဆေးတောင့်တွေ၊ ဆေးပြားတွေ ဟိုတုန်းက ဘယ်ရှိလိမ့်မလဲ။ အဘတို့ ငယ်ငယ်က ကွမ်းရိုးတစ်တို့ဆေးတို့၊ ဂေါမုတ္တတို့၊ ဆေးတို့ဖတ်ကြီးတို့နဲ့ ကြီးပြင်းလာခဲ့ကြရတာ။ အဲ–ဒီလိုပဲ ဝမ်းလျှောဝမ်းပျက်ရောဂါဖြစ်ခဲ့ရင် မီးဖိုဆောင်က ဆားလေးကို လက်မ၊ လက်ညှိုး၊ လက်ခလယ်ဆိုတဲ့ လက်သုံးချောင်းနဲ့ယူပြီး မီးနဲ့လှော်၊ နနွင်းမှုန့်ကို လက်ဖက်ရည်ဇွန်း တစ်ဇွန်း၊ ကွမ်းစားထုံးလေးနည်းနည်းရောလို့ ရေနွေးနဲ့ ဖျော်သောက်ပြီး သက်သာပျောက်ကင်းခဲ့ရတာပဲလေ။ ကလေးငယ်တွေ ဝမ်းသိပ်ချုပ်တဲ့အခါ စမြင်း(ကျောက်ခဲလိုမာကျစ်နေတဲ့ဝမ်း) ခံတတ်ပါတယ်။ ဒီအခါမှာ လူကြီးတွေက မန်ကျည်းမှည့်ကို ထန်းလျက်ကလေးနဲ့ ဖျော်ရည်လုပ်ပြီးတိုက်တယ်။ ကြက်သွန်ဖြူသုံးလေးတက်ကိုလည်း မီးကင်ပြီးကျွေးတယ်၊ ဒါတင်မက နှမ်းဆီစစ်စစ်လေး လက်ဖက်ရည်ဇွန်း တစ်ဇွန်းလောက် ညအိပ်ရာဝင်မှာ တိုက်ပေးတယ်။ မနက်မိုးလင်းတဲ့အခါ စမြင်းတွေ ပျော်ပြီးကျလာတာ ဘာပြော ကောင်းမလဲ"

"ဒါနဲ့–ဆရာကြီးဘေးနားက ချင်းတက်ပင်တွေက စိုက်မလို့လား၊ ချင်းတက်ကို ဘာတွေအတွက် သုံးတာလဲ။ ဒီနေ့တော့ ချင်းနဲ့ပတ်သက်လို့ ဗဟုသုတ ရတော့မယ်ထင်တယ်"

"ဟုတ်တယ် မောင်လူမွန်ရေ၊ ချင်းပင်က အလေ့ကျ မပေါက်ဘူး။ သေသေချာချာစိုက်မှ ပေါက်တဲ့ အပင်မျိုးပဲ။ ဆေးပစ္စည်းတွေထဲမှာ တစ်မည်ချင်းသာဆို ချင်းတက်ကို မီတဲ့ဆေးပစ္စည်း မရှိသလောက်ရှားတယ်။ **ချင်းတက်ကို အစာမကြေခြင်း၊ ပျို့အန်ခြင်း၊ မူးဝေခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ ကြို့ထိုးခြင်း၊ လေနာခြင်း၊ အဝလွန်ခြင်း၊ ဇက်ကြောတက်ခြင်း၊ ကျီးပေါင်းတက်ခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နားကိုက်ခြင်း၊ နားပြည်ယိုခြင်း၊ ချွေးငုပ်ခြင်း၊ အသံဝင်၊ အသံပျက်ခြင်း၊ မီးယပ်သွေးငုပ်ခြင်း၊ ဝမ်းပျက်ခြင်း၊ နှာစေးအအေးမိခြင်း၊ ငန်းဖမ်းခြင်း၊ အဖျား၊ တုပ်ကွေးဖျားနဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေကို ကုသရာမှာ အသုံးပြုနိုင်ပါတယ်။**

"နောက်ပြီး ချင်းတက်ကို ဟင်းချက်ရာမှာ သုံးတာဟာ အနံ့အရသာ ပြည့်စုံစေဖို့တင်မကဘဲ စားသမျှ အစာကြေညက်အောင် စီမံချက်ပြုတ်တဲ့ သဘာဝလဲပါပါတယ်။ ပူတဲ့၊ စပ်တဲ့အရသာမှာ တူပေမယ့် ငရုတ်သီးနဲ့ချင်း အာနိသင်မတူဘူး။ ချင်းဟာ ပူစပ်တဲ့အရသာရှိပေမယ့် အစာကြေသွားရင် ချိုတယ်လေ။ ဥရောပတိုက်သားတွေက ချင်း ငါးအောင်စ၊ စမုန်ဖြူ ၁၀ အောင်စ၊ ဖာလာငယ် ၁၅ အောင်စကို အမှုန့်ပြုလို့ လက်ဖက်ရည်ဇွန်း တစ်ဝက်လောက် နေ့လယ်စာ၊ ညစာစားပြီးရင် အစာကြေစေဖို့ သောက်ကြလေ့ရှိတယ်။ ချင်းနဲ့ပတ်သက်လို့ ဂမ္ဘီရအစီအရင်တွေအနေနဲ့ စီးပွားရေးတိုးတက်အောင်၊ လာဘ်လာဘရွှင်အောင်၊ ဈေးရောင်းကောင်းအောင် ချင်းတက်ပေါ်မှာ ဖယောင်းတိုင် တင်ထွန်းကြပါတယ်။ နေ့ချင်းတက်၊ ညချင်းတက် အစီအရင်လို့ ဆိုကြတာပေါ့ကွာ။ နောက်ပြီး တုပ်ကွေးကို ချင်းတက်နဲ့ ဓာတ်စာပေးကုသရာမှာလည်း တုပ်ကွေးနဲ့ချင်းတက်ဟာ ကက်ကင်းမိနေတယ်။ ဒီအပြင် ချင်းတက်မှာ ဗိုင်းရပ်စ်ပိုးတွေကို နိုင်နင်းတဲ့ အာနိသင်လဲရှိတဲ့အတွက် ချင်းတက်ကို တုပ်ကွေးဖျားမှာ အဖျားပျောက်အောင် ပေးကြတာပေါ့"

"ဟုတ်တယ် အဘရေ၊ ချင်း(ဂျင်း)ကို အင်္ဂလိပ်ဘာသာနဲ့ ဂျင်းဂျား GINGER လို့ အသိများပါတယ်။ ချင်းရဲ့ ရုက္ခဗေဒနာမည်က Zingiber officinale Linn လို့ မှတ်သားမိပါတယ်။ ချင်းဟာ ငရုတ်ကောင်း၊ ပိတ်ချင်းတို့နဲ့အတူ တြိကဋုက်လို့ခေါ်တဲ့ (အစပ်သုံးပါး) အုပ်စုဝင် ဆေးပစ္စည်းပါပဲ။ ချင်းကို ဆေးအနေနဲ့ အသုံးပြုတဲ့အခါ Rhizome လို့ ခေါ်တဲ့ အတက်ကို သုံးတာများပါတယ်။ သိပ္ပံပညာရှင်တွေက ချင်းမှာ volatile oil 1-3%, oleoresin 4-7.5 %, starch 40-60%, protein 10 %, fat 10 % နဲ့ gingerol ဒြပ်ပေါင်းတို့ ပါဝင်တယ်လို့ ဆိုပါတယ်။ gingerol လို့ခေါ်တဲ့ ဒြပ်ပေါင်းကတော့ လေဆေး၊ အအန်ပျောက်ဆေးတွေ ဖော်စပ်ရာမှာ အဓိကပါဝင်တဲ့ပစ္စည်းလို့ သိရပါတယ်။ ခေတ်သစ်သုတေသီတွေကတော့ ချင်းမှာ anti-oxidant လို့ခေါ်တဲ့ ဓာတ်တိုးဆန့်ကျင်ပစ္စည်း (အသက်ရှည်ဆေးအုပ်စုဝင်) ပါဝင်တယ်လို့ ဆိုပါတယ်။ နောက်ပြီး ချင်းမဆလာတို့၊ ဂျင်ဂျာဘီယာတို့၊ ချင်းယိုတို့၊ ချင်းအဖျော်ယမကာတို့၊ ချင်းသနပ်တို့၊ ချင်းခြောက်စည်သွတ်တို့လုပ်ပြီး ဈေးကွက်တင် ရောင်းကြတယ်လို့ သိရတယ် အဘ"

"ကိုသန့်စင်ပြောသလိုပဲ ဆရာကြီးရေ၊ ချင်းတက်ကို လွန်ခဲ့တဲ့နှစ်ထောင်ပေါင်းများစွာကတည်းက အခုချိန်အထိ အသုံးအဝင်ဆုံး ပစ္စည်းတစ်ခုအနေနဲ့ အသုံးပြုလာခဲ့ကြတယ်။ မြန်မာ့တိုင်းရင်းဆေးကျမ်းတွေမှာ ချင်းတက်ကို ဆေးဘက်မှာ သူမပါရင် မပြီးသလောက် အသုံးတွင်လှပါတယ်။ ဒါပေမယ့် ဆေးဝါးတွေ ဖော်စပ်တဲ့အခါမှာ ချင်းခြောက်အဖြစ် စီမံပြီးမှ သုံးကြတာများပါတယ်။ ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးကုဌာနသုံး ဆေးဝါးတွေဖြစ်တဲ့ မက်လင်ချဉ် သလိပ်ပုပ်ပျောက်ဆေး၊ ဆားဆယ့်တစ်ပါးဆေး၊ သွေးဒူလာဆေး၊ ဆီးရွှင်ဝမ်းနုတ်ဆေး၊ မဟာကလျာဏီ ဆေး၊ ဆေးပုလဲကလာပ်၊ လေညှင်းကလာပ်၊ မတဲမြင့်မိုရ်ကုန်းဆေး၊ သက်ရင်းကလာပ်ဆေး၊ သဗ္ဗဓေယျဆေးစပ်ကြီး၊ သူငယ်နာမှတ်လေးစင်း ဆေး၊ ဓာတိလဝဏ်၊ ကပ္ပူရာဒိသုဒဿနဆေး၊ ကပ္ပူရာဒိမြင်းသေမြက်ကဲဆေး၊ ကျပ်တိုးဆေးနဲ့ တခြားဆေးတွေ ဖော်စပ်ရာမှာ တြိကဋုက်သုံးပါးအုပ်စု အနေနဲ့ရော တစ်မည်ချင်းပါ ချင်းခြောက်ကို အသုံးပြုဖော်စပ်ထားတာ တွေ့ရပါတယ်။

"ချင်းကို ပါဠိဘာသာနဲ့ အဒ္ဒယ၊ သင်္ဂိဝေရ၊ မဟောသဓ လို့ ခေါ်ကြတယ်။ ချင်းတက်ရဲ့ ဆေးဖက်ဝင်ပုံကို လွန်ခဲ့တဲ့နှစ်ပေါင်း ၇၀၀၀ ကျော်လောက်ကပေါ်ခဲ့တဲ့ စရက၊ သုဿုတ တို့လို ဆေးကျမ်းတွေထဲမှာ အခိုင်အမာ ပြဆိုထားတာတွေ့ရတယ်။ အင်္ဂလန်မှာ အဌမမြောက် ဟင်နရီဘုရင် လက်ထက်က ချင်းကို ပလိပ်ရောဂါကုတဲ့ ဆေးအဖြစ် အသုံးပြုခဲ့တယ်လို့ သိရတယ်။ ချင်းမှာ ချင်းရိုင်း၊ သဘော်ချင်း၊ ချင်းဆူးပေါက်၊ ချင်းပြန်(ချင်းမင်း)ဆိုပြီး အကြမ်းဖျင်းအနေနဲ့ လေးမျိုးတွေ့ရတယ်။ အခုစိုက်မယ့် ချင်းက သုပ်စားလို့ရတဲ့ ချင်းရိုင်းမျိုးပဲ။ သဘော်ချင်းဆိုတာ နိုင်ငံခြားတိုင်းပြည်တွေကလာတဲ့ချင်းပဲ။ သဘော်ချင်း စိုက်ပျိုးတဲ့နိုင်ငံတွေက တရုတ်၊ အိန္ဒိယ ဂျပန်၊ ကမ္ဘောဒီးယား၊ ဘရာဇီး၊ သြစတြေးလျ၊ ဘယ်လ်ဂျီယံ၊ ဒိန်းမတ်၊ ပြင်သစ်၊ ဂျာမနီ၊ အင်္ဂလန်၊ အမေရိကန်၊ ဟန်ဂေရီ၊ နော်ဝေး၊ ဆွီဒင်၊ ဆွစ်ဇာလန်နဲ့ ပါပူဝါနယူးဂီနီ ကျွန်းတို့ပဲ"

"အဘ ခုနကပြောတဲ့ရောဂါတွေကို ချင်းတက်နဲ့သက်သာအောင် ကုသပေးနိုင်တယ်ဆိုတော့ သိပ်ကို တန်ဖိုးရှိတာပဲအဘရယ်။ ကျွန်တော် မှတ်သားထားပါရစေ။ အဘဘယ်လိုသုံးတယ်ဆိုတာ ကျေးဇူးပြုပြီး အမိန့်ရှိပါဦး"

"မောင်လူမွန်တို့၊ မောင်သန့်စင်တို့အနေနဲ့ ကျန်းမာရေးပညာပေးစာတွေ ဘာတွေရေးနေတာဆိုတာ မှန်ကန်တဲ့ ကျန်းမာရေးအသိပညာတွေ ဖြန့်ဝေပေးနိုင်အောင် အဘတို့ သမားအစဉ်အဆက် အသုံးပြုလာတဲ့ ချင်းတက်ရဲ့ ဆေးအသုံးကို ပြောရမှာပေါ့ကွာ။ သေသေချာချာ မှတ်ထားဖို့တော့ လိုလိမ့်မယ်နော်။ ရောဂါတွေ အနေနဲ့ . . ."

**လေနာခြင်း။** ။ ဒိန်ချဉ်တစ်ခွက်မှာချင်းမှုန့်လက်ဖက်ရည်ဇွန်းတစ်ဝက် ထည့်ဖျော်လို့ သောက်ပေးရင် လေအောင့်လေနာ သက်သာစေပါတယ်။

**အစာမကြေဝမ်းသက်ခြင်း။** ။ ချင်းခြောက်မှုန့်နဲ့ ဥသျှစ်ကင်းမှုန့် ဆတူယူပြီး တစ်ခါသောက် လက်ဖက်ရည်ဇွန်းတစ်ဝက် တစ်နေ့သုံးကြိမ် ရေနွေးနဲ့ တိုက်ပေးရပါတယ်။

**အဖောရောဂါ။** ။ ချင်းခြောက်နဲ့ ရှမ်းဆေးခါးကို ဆတူအမှုန့်ကြိတ်ပြီး တစ်ခါသောက် လက်ဖက်ရည်ဇွန်းတစ်ဝက် တစ်နေ့ သုံးကြိမ် တစ်ပတ်ကနေ နှစ်ပတ်အထိ ရေနွေးနဲ့သောက်ပေးရင် နာတာရှည်ဖောတာ ရောင်တာ သက်သာပျောက်ကင်းစေပါတယ်။

**အဝလွန်ခြင်း။** ။ ထမင်းစားတဲ့အခါ ချင်းတက်ကို ပါးပါးလှီး၊ ရှောက်ရည်၊ သံပရာရည်ဆမ်းပြီး အတို့အမြှုပ်အနေနဲ့ စားပေးရပါတယ်။ ချင်းကို ကြက်သွန်နီ၊ သံပရာရည်ဆမ်းလို့ သုပ်စားပေးနိုင်ပါတယ်။ နေ့တိုင်းမှန်မှန်စားပေးရင် အဝလွန်နေတဲ့သူတွေ အဆီကျအသားကျစ်ပြီး ခန္ဓာကိုယ်သွယ်လျ လှပလာပါလိမ့်မယ်။

**သွားနာခြင်း။** ။သွားမှာ ရေအေးအထိမခံနိုင်အောင် နာကျင်နေရင်၊ သွားဖုံးကသွေးထွက်နေရင် ချင်းတက်ကို ပါးပါးလှီးလို့ မုန်ညင်းစေ့နဲ့ ရောပြုတ်ပြီး ငုံထွေးပေးရပါမယ်။

**နားကိုက်ခြင်း၊ နားပြည်ယိုခြင်း။** ။ချင်းတက်သတ္တုရည်ကို နှမ်းဆီ ဆတူရောချက်ပြီး ခပ်နွေးနွေးမှာ နားထဲကို တစ်စက်နှစ်စက် ထည့်ပေးရပါမယ်။

**ဇက်ကြောတက်ခြင်း၊ ကျီးပေါင်းတက်ခြင်း။** ။ချင်းတက်ကို လေးငါးလှီးလောက် ပါးပါးလှီးလို့ မီးကင်ပြီး ကုပ်ဆက်မှာ ပူပူလေးကပ်ပေးရပါမယ်။

**နှာစေးအအေးမိခြင်း။** ။ ချင်း ထန်းလျက်ပြုတ်ရည် ပူပူလေးသောက်ပေးရပါမယ်။ အဲဒီဆေးရည် ခပ်နွေးနွေးကိုပဲ ရှူရှိုက်ပေးရပါမယ်။

**ရသာယန(အသက်ရှည်ဆေး)။** ။တြိကဋုက်သုံးပါးကို တြိဖလ (ဆီးဖြူ၊ ဖန်ခါး၊ သစ်ဆိမ့်) ဆတူရောစပ်လို့ ပျားရည်နဲ့တေပြီး မနက်တစ်ခါ၊ ညတစ်ခါ စားပေးရပါမယ်။

**ကျွဲ၊ နွားလျှာပွတ်ဆေး။** ။ ချင်းခြောက်မှုန့်၊ ဆား၊ လက်ဖက်ခြောက်မှုန့် ဆတူရောစပ်လို့ အမှုန့်ကြိတ်ပြီး ကျွဲ၊ နွားစတဲ့ တိရစ္ဆာန်တွေ နေမကောင်းရင် လျှာပွတ်ပေးနိုင်ပါတယ်။

**သွေးကြောပိတ်ခြင်း။** ။ ချင်းတက် ငါးကျပ်သားကို ပါးပါးလှီးပြီး အရက်ဦးရည် တစ်ပုလင်းမှာ သုံးရက်စိမ်ထားပြီး တစ်ခါသောက် လက်ဖက်ရည်ဇွန်းတစ်ဇွန်း ရေနွေးနဲ့သောက်ပေးရပါမယ်။ သွေးကြောပိတ်ဆို့နေတဲ့ လက်တို့၊ ခြေတို့က GANGRENE အနာတွေမှာ အဲဒီဆေးရည် ထည့်ပေးရပါမယ်။

**နှလုံးသွေးကြောကျဉ်းခြင်း။** ။ ချင်း၊ ထန်းလျက်ပြုတ်ရည် ပူပူလေး သောက်ပေးရပါမယ်။ အထက်က ဖော်ပြခဲ့တဲ့ သွေးကြောပိတ်နာပျောက်ဆေးကို လက်ဖက်ရည်ဇွန်းသေး တစ်ဇွန်းတိုက်ပေးရပါမယ်။

**စာမျက်နှာ ၁၁ ကော်လံ ၁**

**ချင်းတက်ကို အစာမကြေခြင်း၊ ပျို့အန်ခြင်း၊ မူးဝေခြင်း၊ ချောင်းခြောက်ဆိုးခြင်း၊ ကြို့ထိုးခြင်း၊ လေနာခြင်း၊ အဝလွန်ခြင်း၊ ဇက်ကြောတက်ခြင်း၊ ကျီးပေါင်းတက်ခြင်း၊ နှလုံးသွေး ကြောကျဉ်းခြင်း၊ နားကိုက်ခြင်း၊ နားပြည်ယိုခြင်း၊ ချွေးငုပ်ခြင်း၊ အသံဝင်၊ အသံပျက်ခြင်း၊ မီးယပ်သွေးငုပ်ခြင်း၊ ဝမ်းပျက်ခြင်း၊ နှာစေးအအေးမိခြင်း၊ ငန်းဖမ်းခြင်း၊ အဖျား၊ တုပ်ကွေးဖျားနဲ့ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါတွေကို ကုသရာမှာ အသုံးပြုနိုင်။**

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် အကြိုလှုပ်ရှား ဉာဏ်စမ်းပဟေဠိနှင့် အချက်အပြုတ်ပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၁

**ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အကြိုလှုပ်ရှားမှု ဉာဏ်စမ်းပဟေဠိနှင့် အချက်အပြုတ်ပြိုင်ပွဲ ဆုချီးမြှင့်ခြင်း အခမ်းအနားကို ယမန်နေ့မွန်းတည့်၁၂နာရီက လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြည်းလာခန်းမ၌ ကျင်းပသည်။**



အခမ်းအနားတွင်ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဌွေးဝင်းက ဉာဏ်စမ်းပဟေဠိပြိုင်ပွဲ၌ ပထမရရှိသော ကျောက်တံတားမြို့နယ်မှ ဒေါ်လွင်လွင်ချို၊ ဒုတိယရရှိသော ဗဟန်းမြို့နယ်မှ ဒေါ်ခိုင်ခိုင်ဝင်းနှင့် တတိယရရှိသော ပန်းဘဲတန်းမြို့နယ်မှ ဒေါ်သန္တာဝင်းတို့အား လည်းကောင်း၊ ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက အချက်အပြုတ်ပြိုင်ပွဲ၌ ပထမရရှိသော ကြည့်မြင်တိုင်မြို့နယ်၊ ဒုတိယရရှိသော စမ်းချောင်းမြို့နယ်နှင့် တတိယရရှိသော ကျောက်တံတား မြို့နယ်တို့ကိုလည်းကောင်း ဆုများပေးအပ် ချီးမြှင့်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ကြည့်ရှုအားပေး**

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် ဇနီးတို့သည် ခန်းမအတွင်း ပြသထားသည့် ရန်ကုန်အနောက်ပိုင်း ခရိုင်အတွင်းရှိ မြို့နယ်၁၃မြို့နယ်မှ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ၏ ပြိုင်ပွဲဝင် ချက်ပြုတ်ပြီး အာဟာရပြည့်ဝသည့် အစားအစာများကို လိုက်လံ ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ) (သတင်းစဉ်)**

မန္တလေးမြို့ ပတ္တမြားကြော် (က-ပ) 



မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာတွင် တည်ဆောက်မည့်အိန္ဒိယနိုင်ငံ ပညာသင် မြန်မာ ရဟန်းတော်များ အဖွဲ့ပိုင် သုံးထပ်ကျောင်းဆောင် အတွက် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ဘုရင့်နောင် ကံကော်(၃) လမ်းနေ ဦးတင်ထွန်း (ချမ်းသာကြီးပွဲရုံ)-ဒေါ်ခင်ချိုချိုဝင်း၊ သား ထူးအောင်လွင်မိသားစုတို့က အလှူငွေကျပ်ခြောက်သိန်းကို ပေးအပ်လှူဒါန်းရာ အမှူးဆောင် ဒေါ်ကေသက်မော်က လက်ခံယူ၍ ကျောင်းဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဆရာတော် အရှင်ရာဇိန္ဒ (pre. Ph. D)က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

# ရေပိုက်ဆက်သွယ်ခြင်းလုပ်ငန်း ဦးစားပေးဆောင်ရွက် ရေတင်စက်များကြံ့ခိုင်ရေး မပြတ်စစ်ဆေးကြပ်မတ်

ရန်ကုန် စက်တင်ဘာ ၁

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ဩဂုတ် ၂၃ရက်နံနက်ပိုင်းတွင် မန္တလေးတိုင်း စည်ပင်သာယာရေးအဖွဲ့မှ တာဝန်ရှိသူများ လိုက်ပါလျက် ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး အစည်းအဝေး ခန်းမ၌ အမှုဆောင်အရာရှိ ဦးတင်ဝင်းက ၂၀၀၆-၂၀၀၇ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။**

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ပျော်ဘွယ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ပျိုးဥယျာဉ်နှင့် အောင်သာစင်မြင့် ရေစင်မှ ရေပေးဝေမှုစနစ်ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

**မှတ်သားတိုင်းတာ**

ထို့နောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်နေသော မြေအောက်ရေဖြင့် မိတ္ထီလာမြို့ရေပေးရေးစီမံကိန်း ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ အမှုဆောင်အရာရှိ ဦးခင်မောင်ချိုနှင့် ရေပေးရေးတာဝန်ခံ အင်ဂျင်နီယာ ဦးစိုးအောင်တို့က မဟာစည်ရေပေးရေးလုပ်ငန်းအခြေအနေကို တင်ပြကြရာ ဒုတိယဝန်ကြီးက ရေပိုက်လိုင်းဆက်သွယ်ခြင်း လုပ်ငန်း ဦးစားပေးဆောင်ရွက်ရန်နှင့် စက်ရေတွင်း များ၏ ရေထွက်နှုန်းများကို လအလိုက် မှတ်သားတိုင်းတာထားရန် မှာကြားသည်။

ဆက်လက်၍ဒုတိယဝန်ကြီးသည် မိတ္ထီလာကန်ပေါင်ပေါ်ရှိ ရေစက်ရုံ အမှတ်(၁)သို့ သွားရောက်စစ်ဆေးပြီး **(အောက်ဝဲပုံ)** ရေစက်မောင်းချိန်နှင့် ရေပို့လွှတ်ချိန်များ တိကျမှန်ကန်အောင် စာရင်းများ ပြုစုထားရန်နှင့် ရေတင်စက်များ အစဉ်ကောင်းမွန်ရေးအတွက် ကြံ့ခိုင် ရေးမှန်မှန်ပြုလုပ်ကြရန်မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပန်းခြံနှင့် ပျိုးဥယျာဉ်တို့ကို ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိကြရာ အမှုဆောင်အရာရှိ ဦးခင်ဇော်က ဒုတိယဝန်ကြီးအား ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ လုပ်ငန်းများအခြေအနေနှင့် အဖွဲ့ဝင်ငွေရရှိမှုအခြေ အနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ရေအလေအလွင့်မရှိစေရေး ဂရုစိုက်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ဇော်ဂျီရေစစ်ကန်နှင့် ရေပေးဝေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေစစ်ကန်ကို မကြာခဏ နုန်းသဲများရှင်း လင်းပေးရေး၊ အမှိုက်သရိုက်များ ပိတ်ဆို့မှုကို ဖယ်ရှားပေးရေးနှင့် ရေအရည်အသွေးလစဉ်စစ်ဆေးမှတ်တမ်းတင်ထားရှိရေး၊ ရေအလေအလွင့်မရှိစေရေးနှင့် ရေတင်စက်များ ကြံ့ခိုင်ရေးတို့ကို မပြတ်စစ်ဆေးကြပ်မတ်ရန် မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါတွင်းတရားစခန်းပွဲကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်မြို့ ဗဟန်း အမှတ်(၈၂) နတ်မောက်လမ်းရှိ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာအဖွဲ့ချုပ်ကြီး၏ တစ်လနှစ်ကြိမ် ကျင်းပအပ်သော ဝါတွင်းကာလ ၁၀ ရက် တရားစခန်းပွဲ၏ ပဥ္စမအပတ်ကို တော်သလင်းလပြည့်ကျော်(၆) ရက်မှ ၁၅ ရက်ထိ ကျင်းပမည်ဖြစ်သည်။

ယင်းတရားစခန်းပွဲကြီးကို အဖွဲ့ချုပ်ကြီး၏ နာယက မဟာဂန္ထဝါစက ပဏ္ဍိတ သ၊ စ၊ အ၊ ဓမ္မာစရိယကမ္မဋ္ဌာနာစရိယ ဒေါက်တာစန္ဒာဝရာဘိဝံသ ကိုဲ့ကလော့ဆရာတော်က ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားမည်ဖြစ်သည်။ အသေးစိတ်သိလိုပါက ဖုန်း-၅၄၁၈၆၀သို့ ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

**စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်**

**ချွေးထုတ်ဆေး။ ။** စလုံးစခုထောင်းထုထားတဲ့ ချင်းခြောက်၊ အစို ၁၂ ပဲသား (၁၂ ဂရမ်)ကို ဆူနေတဲ့ ရေနွေးတစ်ဖန်ခွက်ထဲမှာ ထည့်ပြီး ခဏအုပ်ထားပါ။ ဆယ်မိနစ်လောက်ကြာရင် ရေစစ်နဲ့စစ်ယူပြီး ပျားရည် နည်းနည်းထည့်လို့ ပူပူလေးသောက်ပေးရပါမယ်။ အဝတ် ထူထူလေးဝတ်ပြီး စောင်မထူမပါး ခြုံထားလိုက်ရင် ခဏအကြာမှာ ချွေးထွက်လာပါလိမ့်မယ်။ ချွေးနဲ့အတူ ခန္ဓာကိုယ်က မကောင်းတဲ့ အညစ်အကြေးတွေ ထွက်သွားမှာဖြစ်ပါတယ်။

**မီးယပ်သွေးထိမ်ခြင်း၊ ငုပ်ခြင်း။ ။** အမျိုးသမီးတွေ မီးယပ်သွေးရှိလျက်နဲ့ မီးယပ်သွေးမပေါ်ရင် ချင်းတက် လက်နှစ်ဆစ်လောက်ကို ပါးပါးလှီး၊ ထန်းလျက်နှစ်လုံးထည့်ကျိုပြီး တစ်ခါသောက်ရင် လက်ဖက်ရည် အကြမ်းပန်းကန်တစ်ဝက်လောက် တစ်နေ့သုံးကြိမ် ပူပူလေးသောက်ပေးရပါမယ်။

**သားအိမ်မကျက်ခြင်း။ ။** အမျိုးသမီးများ မီးဖွားပြီး သားအိမ်မကျက်ဘဲ ဖျားနာနေရင် ချင်း၊ ထန်းလျက်ပြုတ်ရည်ပူပူလေး မကြာခဏ သောက်ပေးရပါမယ်။

**ငန်းဖမ်းခြင်း။ ။** အဖျားကြီးလို့ လူမှန်းသူမှန်းမသိအောင် ငန်းဖမ်းနေရင် ချင်းမှုန့်လက်ဖက်ရည်ဇွန်းတစ်ဝက်ကို ရောက်ရည်နှစ်ဇွန်းနဲ့ ဖျော်လို့ ပါးစပ်ကနေ အစက်ချတိုက်ပေးရပါတယ်။

**ကြို့ထိုးခြင်း။ ။** ချင်းမှုန့်လက်ဖက်ရည်ဇွန်း တစ်ဇွန်းကို ရောက်ရည်နှစ်ဇွန်းနဲ့ဖျော်လို့ ပါးစပ်ကနေ အစက်ချ တိုက်ပေးရပါတယ်။

**အသံဝင်၊ အသံပျက်ခြင်း။ ။** ချင်းမှုန့်တစ်ဇွန်း၊ သကြားတစ်ဇွန်း၊ ပျားရည်နှစ်ဇွန်းကို ဖျော်လို့ လျက်ပေးရပါမယ်။

**အသက်ရှုလမ်းကြောင်းဆိုင်ရာပြဿနာများ။ ။** ချင်းသတ္တုရည်တစ်ဇွန်းကို ပျားရည်နှစ်ဇွန်းနဲ့ဖျော်လို့ တစ်ခါသောက် လက်ဖက်ရည်ဇွန်း တစ်ဝက်၊ တစ်နေ့သုံးကြိမ်သောက်ပေးရင် ရင်ကျပ်၊ ပန်းနာ၊ လေရှူပြွန် ရောင်ရမ်းနာတို့ကို သက်သာစေနိုင်ပါတယ်။

**ချောင်းခြောက်ဆိုးခြင်း။ ။** ချင်းခြောက်မှုန့်၊ ဖန်ခါးသီးမှုန့်ဆတူယူပြီး လက်ဖက်ရည်ဇွန်းတစ်ဇွန်းစာကို ရေနွေးနဲ့ တိုက်ပေးရပါတယ်။

**အဖျား၊တုပ်ကွေးဖျား။ ။** ရာသီအကူးအပြောင်းမှာ ဖြစ်တတ်တဲ့ အဖျားတို့၊ တုပ်ကွေးဖျားတို့ ဖျားနာနေရင် ချင်းခုနစ်လွှာ၊ ကွမ်းရွက်ငါးရွက်၊ ထန်းလျက်အရွယ်တော် ငါးလုံးရောလို့ ရေ ၅၀ ကျပ်သားထည့်လို့ ခပ်ကျကျပြုတ်လိုက်ပါ။ အဲဒီ ဆေးပြုတ်ရည်ပူပူလေး လက်ဖက်ရည်အကြမ်း ပန်းကန်တစ်လုံးလောက် မကြာခဏ သောက်ပေးရပါမယ်။ ချင်းတက်နဲ့ တုပ်ကွေးဟာ ခုနကပြောသလို ကက်ကင်းကျလို့ ချင်းတက်ကို တုပ်ကွေးမှာ ပေးလေ့ရှိတာပါပဲ။

**အဖျားပျောက်ပြီးနောက်ချောင်းဆိုးခြင်း။ ။** ရာသီအကူးအပြောင်းမှာ ဖြစ်တတ်တဲ့ အဖျား၊ အနာများကြောင့် အဖျားပျောက်သွားပေမယ့် တစ်ခါတလေ ချောင်းဆိုးတာ ကျန်ရစ်တတ်ပါတယ်။ အဲဒီလို ရက်လရှည်ကြာ ချောင်းဆိုးနေရင် ချင်း ခုနစ်လွှာ၊ ကွမ်းရွက်ငါးရွက်၊ သိန္ဓော ဆားနှစ်ကျပ်သား၊ ထန်းလျက်အရွယ်တော်ငါးလုံးရောလို့ ရေ ၃၀ကျပ်သားထည့်လို့ ခပ်ကျကျပြုတ်လိုက်ပါ။ အဲဒီဆေးပြုတ်ရည် ပူပူလေး လက်ဖက်ရည်အကြမ်းပန်းကန်တစ်ဝက်လောက် မကြာခဏ သောက်ပေးရပါမယ်။ ချင်းတက်အဖတ်နဲ့ ကွမ်းရွက်အဖတ်တွေကိုလည်း စားပေးရမယ်။

ချင်းတက်ကို အစာအာဟာရအနေနဲ့ အမျိုးမျိုးအသုံးပြုကြသလို ဆေးဝါးအနေနဲ့လဲပဲ အသုံးတွင်တာ တွေ့ရတယ်။ နောက်ပြီး တိရစ္ဆာန်တွေ နေထိုင်မကောင်းရင် ချင်းတက်၊ စမုန်ဖြူ၊ ကြက်သွန်ဖြူ၊ ပရုတ်နဲ့ စားဆိုဒါပါတဲ့ဆေး တိုက်ပေးရတယ်။ ကျွဲတွေ၊ နွားတွေ နှာစေးချောင်းဆိုးရောဂါဖြစ်ရင် သိပ်ကောင်းတဲ့ ဆေးပေါ့ကွာ။ ကဲ-မှတ်ပြီးကြပြီလား"

"ဟုတ်ကဲ့ပါ အဘ။ ကဲ-ကိုလူမွန်ရေ၊ အဘလဲ ရှင်းပြရတာမောနေပြီ။ အဘကိုကူပြီး ချင်းပင်တွေ စိုက်ပေးကြရအောင်။ အဘပြောတဲ့ အကြောင်းတွေကိုတော့ အများပြည်သူတွေအကျိုးရှိအောင် ဆောင်းပါးလေး ရေးပေးလိုက်ပါလားဗျာ"

"ကောင်းသားပဲ ကိုသန့်စင်၊ စိတ်ချပါ၊ ချင်းလဲစိုက်ကြစို့။ ချင်းနဲ့ ပတ်သက်တဲ့ ဆောင်းပါးလဲ **ချင်းတက်အကြောင်း တစေ့တစောင်း** ဆိုပြီး ဆက်ဆက်ရေးလိုက်ပါ့မယ်။" ။

# အာဆင်နယ်မှ အက်ရှ်လေကိုး ချယ်လ်ဆီးရောက်လာပြီ

စုစည်းတင်ပြသူ
**မောင်မောင်မြင့်ဆွေ**

**လန်ဒန် စက်တင်ဘာ ၁**

အပြောင်းအရွှေ့ကာလ နောက်ဆုံးရက်ဖြစ်သည့် ဩဂုတ် ၃၁ရက်မတိုင်မီ အာဆင်နယ်နောက်တန်းကစားသမား အက်ရှ်လေကိုးအနေဖြင့် ချယ်လ်ဆီးသို့ပြောင်းရွှေ့ရေးမှာ ပြီးပြတ်ခဲ့ပြီဖြစ်ကြောင်း သိရသည်။

**အလိုက်ပေးလဲလှယ်**

ချယ်လ်ဆီးနောက်ခံလူ ဝီလီယံဂါးလက်စ်နှင့် အက်ရှ်လေကိုးတို့ လဲလှယ်ရာတွင် ချယ်လ်ဆီးတို့က ဂါးလက်စ်အပြင် အလိုက်ငွေ ပေါင်ငါးသန်းပေးခြင်းဖြင့် အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

အက်ရှ်လေကိုးအနေဖြင့် ချယ်လ်ဆီးနှင့်အတူ လုပ်အားခငွေ တစ်ပတ်လျှင် ပေါင်ငွေ ၉၀၀၀၀ဖြင့် ငါးနှစ်စာချုပ် ချုပ်ဆိုမည်ဖြစ်သည်။

**အဆုံးသတ်**

ချယ်လ်ဆီးသည် အက်ရှ်လေကိုးအား ခေါ်ယူနိုင်ရေးအတွက် ပြီးခဲ့သည့်နွေရာသီတစ်လျှောက်လုံး ကြိုးစားခဲ့ရပြီး ပြောင်းရွှေ့ကြေးနှင့် လုပ်ခလစာများအပေါ် အကြိမ်ကြိမ်ညှိနှိုင်းခဲ့ရပြီးမှ ယခုကဲ့သို့ ပြောင်းရွှေ့မှုကိစ္စ အဆုံးသတ်နိုင်ခဲ့ခြင်း ဖြစ်သည်။

အသက် ၂၅နှစ်အရွယ် အက်ရှ်လေကိုးအား ခေါ်ယူနိုင်ရေးအတွက် အာဆင်နယ်နှင့် ချယ်လ်ဆီးတို့ သဘောတူခဲ့ကြပြီးဖြစ်ကြောင်း၊ ပြောင်းရွှေ့မှုကိစ္စ အောင်မြင်ခဲ့ပြီဖြစ်ကြောင်း အာဆင်နယ်နှင့် ချယ်လ်ဆီးတို့က ပူးတွဲသတင်းထုတ်ပြန်ခဲ့သည်။

အက်ရှ်လေကိုး အပြောင်းအရွှေ့ကိစ္စကို အပြောင်းအရွှေ့ နောက်ဆုံးရက်ဖြစ်သည့် ဩဂုတ် ၃၁ရက်၌ ပြီးစီးအောင်ပြုလုပ်နိုင်ခဲ့သဖြင့် အက်ရှ်လေကိုး ချယ်လ်ဆီးရောက်ပြီဖြစ်သည်။ **(အင်တာနက်)**



**ချယ်လ်ဆီးသို့ရောက်သွားသည့် အက်ရှ်လေကိုး။**

# ကမ္ဘာတစ်လွှား အားကစား

# ဆီနီဂေါနောက်တန်းမှ ဒီယာဝါရာအား ချာလ်တန်က ပေါင်သုံးသန်းဖြင့်စာချုပ်

ရေးသားတင်ပြသူ
**မြင့်မောင်စိုး**

လန်ဒန် စက်တင်ဘာ ၁

**ဆီနီဂေါနှင့် ဆိုးချော့ နောက်တန်းအလယ်လူ ဒီယာဝါရာအား ချာလ်တန်အသင်းက ပြောင်းရွှေ့ကြေး ပေါင် ၃ဒသမ ၇သန်းဖြင့် လေးနှစ်စာချုပ် ချုပ်ဆိုလိုက်သည်။**

အသက် ၂၇နှစ်ရှိ အဆိုပါ ကစားသမားသည် ချာလ်တန်က ယခုနှစ်တွင် ခေါ်ယူခဲ့သော ကစားသမားများတွင် ရှစ်ဦးမြောက် ကစားသမားဖြစ်သည်။

**ထိပ်တန်းကစားသမား**

ဒီယာဝါရာသည် အရည်အချင်းပြည့်ဝသော နောက်တန်းကစားသမားတစ်ဦး ဖြစ်သကဲ့သို့ ထိပ်တန်း ကစားသမားတစ်ဦးလည်းဖြစ်ကြောင်း ချာလ်တန်နည်းပြ ဒိုးဝီက ပြောကြားသည်။

**ရယူပေး**

၎င်းသည် ဆိုးချော့အသင်းကို ပြင်သစ်လိဂ်ဖလားနှင့် ယူအီးအက်ဖ်အေဖလားများ ရယူပေးနိုင်ခဲ့သူလည်း ဖြစ်သည်။

**ခေါ်ယူ**

ဒီယာဝါရာသည် ချာလ်တန်ကခေါ်ယူခဲ့သော ဘောလုံးသမားသမိုင်းတွင် ပဉ္စမမြောက်ကြေးအများဆုံး ဘောလုံးသမားဖြစ်သည်။ **(အင်တာနက်)**



**ချာလ်တန်က ခေါ်ယူလိုက်သော ဆီနီဂေါ နောက်တန်းလူ ဒီယာဝါရာ။**

# အာဂျင်တီးနားတိုက်စစ်မှူး တေဗက်ဇ်နှင့် ကွင်းလယ်ကစားသမား မက်ချီရာနို ဝက်စ်ဟမ်းယူနိုက်တက်သို့ ရောက်တော့မည်

**လန်ဒန် စက်တင်ဘာ ၁**

ပရီမီယာလိဂ်အသင်း ဝက်စ်ဟမ်းယူနိုက်တက်သည် အာဂျင်တီးနား ကစားသမားနှစ်ဦးအားခေါ်ယူနိုင်ခဲ့ကြောင်း၊ ထိုကစားသမားနှစ်ဦးမှာ ပြီးခဲ့သည့် ကမ္ဘာ့ဖလား၌ ခြေစွမ်းပြနိုင်ခဲ့ကြသည့် ကားလို့စ်တေဗက်ဇ်နှင့် ဂျာဗီရာမက်ချီရာနိုတို့ဖြစ်ကြောင်း သိရသည်။

အသက် ၂၂နှစ်အရွယ် အာဂျင်တီးနားတိုက်စစ်မှူး တေဗက်ဇ်နှင့် အာဂျင်တီးနား ကွင်းလယ်ကစားသမား အသက် ၂၂နှစ်အရွယ် မက်ချီရာနိုတို့အား လက်ရှိကစားနေသော ဘရာဇီးကလပ် ကိုရင်သီယန်နှင့်ဆက်သွယ်ကာ ပြောင်းရွှေ့ခေါ်ယူရေးကို ဆွေးနွေးခဲ့ကြသည်ဟုဆိုသည်။ အာဂျင်တီးနား ကစားသမားနှစ်ဦးအား ပြောင်းရွှေ့ကြေးမကြေညာဘဲ သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။ တေဗက်ဇ် နှင့် မက်ချီရာနိုတို့အား မန်ယူ၊ အာဆင်နယ်နှင့် ချယ်ဆီးတို့ကလည်း အပြိုင်ရယူရေး ကြိုးပမ်းခဲ့ကြကြောင်း သိရသည်။



**အာဂျင်တီးနား ကွင်းလယ် ကစားသမား မက်ချီရာနို။**

သို့ရာတွင်ဝက်စ်ဟမ်းတို့က ခြေသွက်လက်သွက်ဖြင့် ခေါ်ယူနိုင်ခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ အာဂျင်တီးနားကစားသမားနှစ်ဦးကို ခေါ်ယူနိုင်ခဲ့ခြင်းမှာ မှန်ကန်သောလုပ်ရပ်ဖြစ်ကြောင်း ဝက်စ်ဟမ်းကလပ်မှ ပြောကြားသည်။

တိုက်စစ်မှူး တေဗက်ဇ်သည် ၂၀၀၄ခုနှစ်က ဘိုကာဂျူနီယာမှပေါင်၉ ဒသမ ၅သန်းဖြင့် ကိုရင်သီယန်ကလပ်သို့ ရောက်လာခဲ့သည်။ ယခုအခါ တရားဝင်သတင်းထုတ်ပြန်ချက် မရှိသေးသော်လည်း ကမ္ဘာတွင် လုပ်ခလစာအများဆုံး ဘောလုံးသမားတစ်ဦးဖြစ်လာဖွယ်ရှိကြောင်း သိရသည်။ **(အင်တာနက်)**



**တေဗက်ဇ်**

# လီဗာပူးနောက်ခံလူ ကရွမ်ကင့်ပ် ပီအက်စ်ဗွီသို့ ပြောင်းရွှေ့မည်

**လန်ဒန် စက်တင်ဘာ ၁**

ပြီးခဲ့သည့် ဇန်နဝါရီလက ဗီလာရီးရဲလ်ကလပ်မှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့ရောက်လာသူ ဟော်လန်နောက်တန်းကစားသမား ကရွမ်ကင့်ပ်သည် လီဗာပူးမှ ထွက်ခွာကာ ဟော်လန်ကလပ် ပီအက်စ်ဗွီအင်ဒိုဗင်သို့ ပြောင်းရွှေ့ရေးအတွက် အပြီးသတ် လက်မှတ်ရေးထိုးမှုများ ပြုလုပ်တော့မည်ဖြစ်သည်။

**ဦးစားပေး**

ကရွမ်ကင့်ပ်သည် ဗီလာရီးရဲလ်မှ လီဗာပူးသို့ ရောက်ရှိခဲ့ပြီး ပထမကစားသမားအဖြစ် ဦးစားပေးခံရသော်လည်း ယခုအချိန်အထိ ခုနစ်ပွဲသာ ကစားရသေးသူလည်းဖြစ်သည်။

ပြီးခဲ့သည့် ဘောလုံးရာသီ နောက်ဆုံးပွဲအဖြစ် ဝက်စ်ဟမ်းနှင့် ကစားသောပွဲတွင် သူ့နေရာအား အစားထိုးခဲ့သည့်အချိန်မှ စတင်ကာ လီဗာပူးမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

**ဆောင်ရွက်မည်**

အပြောင်းအရွှေ့ကာလ ပြန်စလျှင် ပြောင်းရွှေ့နိုင်ရေးအတွက် ဟော်လန်သို့ပြန်ကာ ပီအက်စ်ဗွီနှင့် လက်မှတ်ရေးထိုးဖြစ်ရေး ဆောင်ရွက်မည်ဖြစ်သည်။

**ခံစစ်မှူး**

ကရွမ်ကင့်ပ်သည် ယခင်က ဟော်လန်ကလပ်အေဇက်အယ်ခမာ၌ ကစားခဲ့သူ နောက်တန်းခံစစ်မှူးတစ်ဦးလည်းဖြစ်သည်။

**(အင်တာနက်)**

# ပရီမီယာလိဂ်အသင်းများ ဩဂုတ်လအတွင်း ပြောင်းရွှေ့လေသမျှ

လန်ဒန် စက်တင်ဘာ ၁

**ဩဂုတ်လအတွင်း ပရီမီယာလိဂ် ဘောလုံးအသင်းများ၏ ကစားသမား အပြောင်းအရွှေ့နှင့်စပ်လျဉ်း၍ အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။**

**ဩဂုတ် ၃ ရက်**

- ဂျွန်ပန်ဆေးလ်(တဲလ်အဗစ်မှ ဝက်စ်ဟမ်း) ပေါင် ၁ သန်း

**ဩဂုတ် ၄ ရက်**

- အင်တိုနီယိုဘာရာဂန်(လီဗာပူးမှဒီပို့တီဗို) ပေါင် ၆၈၀၀၀၀
- နစ်ကလပ်ဘန်နာ(အာဆင်နယ်မှ ဘာမင်ဂမ်) အငှား
- ဂျိုင်းဒီ(ဘော်လ်တန်မှ ဘာမင်ဂမ်) ပေါင် ၂ သန်း
- လာဆင်(အာဆင်နယ်မှ ဘာမင်ဂမ်) အငှား

**ဩဂုတ် ၈ ရက်**

- ဒီဂျင်မီထရာအိုးရီ(လီဗာပူးမှ ချာလ်တန်) ပေါင် ၂ သန်း

**ဩဂုတ် ၁၀ ရက်**

- ဘင်ဖော်စတာ(မန်ယူမှ ဝက်ဖို့ဒ်) အငှား
- သောမတ်ဇ်ကွတ်ဇတ်ခ်(ဝက်စ်ဘရွန်းမှ မန်ယူ) အငှား

**ဩဂုတ် ၁၁ ရက်**

- ဒေးဗစ်ဂျိမ်းစ်(မန်စီးတီးမှ ပို့စ်မောက်)

**ဩဂုတ် ၁၆ ရက်**

- ဖီလ်ဘတ်စလီ(မန်ယူမှ ရိန်းဂျား) အငှား
- ရောဘတ်ဂရင်း(နော့ဝှစ်မှ ဝက်စ်ဟမ်း) ပေါင် ၂ သန်း
- မက်ရှက်ဖရီ(ကိုဗင်ထရီမှ ဘာမင်ဂမ်) ပေါင် ၄ သန်း
- အင်ဒီရိဒ်(တော့တင်ဟမ်မှ ချာလ်တန်) ပေါင် ၃ သန်း

**ဩဂုတ် ၁၇ ရက်**

- ကနူး(ဝက်စ်ဘရွန်းမှ ပို့စ်မောက်) အလွတ်ပြောင်း
- ဒတ်ကွတ်(ဖေယန်နူးမှ လီဗာပူး)

**ဩဂုတ် ၂၁ ရက်**

- ခါလစ်ဘိုရုစ်ဇ်(ဟမ်းဘတ်မှ ချယ်လ်ဆီး)
- ကီဗင်ဖီးလစ်(အက်စ်တွန်ဗီလာမှ ဝက်စ်ဘရွန်း) ပေါင် ၇၀၀၀၀၀
- အင်ဒရီအူးဂျား(အိုင်ပ်ဟိုဗင့်မှ ဘလက်ဘန်း)

**ဩဂုတ် ၂၄ ရက်**

- မာတင်(အင်တာမီလန်မှ နယူးကာဆယ်) ပေါင် ၁၀ ဒသမ ၁သန်း
- အနယ်လ်ကာ(ဖီနာဘာချီမှ ဘော်လ်တန်) ပေါင် ၈ သန်း

**ဩဂုတ် ၃၀ ရက်**

- ဂျိုနသန်ဝုဒ်ဂိတ်(ရီးရဲလ်မက်ဒရစ်မှ မစ်ဒယ်ဘရော့) အငှား
- တော်မီစမစ်(ဒါဘီကောင်တီမှ ဝက်ဖို့ဒ်) ပေါင် ၅ သိန်း
- ရောဘတ်ဟုသ်(ချယ်လ်ဆီးမှ မစ်ဒယ်ဘရော့) ပေါင် ၆ သန်း
- ဖာနန်ဒက်ဖ်(ဘင်ဖီကာမှ ပို့စ်မောက်) အငှား
- ဒီယာဝါရာ(ဆိုးချော့မှ ချာလ်တန်) ပေါင် ၃ဒသမ၇သန်း

**(အင်တာနက်)**

**ဆဲလ်တစ်နှင့် စာချုပ်လိုက်သော ဂရာဗီဆင်။**



# ရီးရဲလ်မက်ဒရစ်မှ ဂရာဗီဆင် ဆဲလ်တစ်နှင့် စာချုပ်ပြီ

**ဆဲလ်တစ် စက်တင်ဘာ ၁**

ရီးရဲလ်မက်ဒရစ်မှ ဒိန်းမတ်ကွင်းလယ်ကစားသမား ဂရာဗီဆင်အား ပေါင်နှစ်သန်းဖြင့်စာချုပ်ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်း ဆဲလ်တစ်အသင်းက အတည်ပြု ပြောကြားလိုက်သည်။

အသက် ၃၀ အရွယ်ရှိ ဂရာဗီဆင်အား ဆဲလ်တစ်အသင်းက သုံးနှစ်စာချုပ်လိုက်ကြောင်း သိရသည်။

မိမိသည် ဆဲလ်တစ်အသင်းသို့ ရောက်ရှိလာ၍ ဝမ်းသာမိကြောင်း၊ ဆဲလ်တစ်အသင်းသည် ကမ္ဘာပေါ်တွင် အကြီးဆုံးကလပ်များထဲမှ အသင်းဖြစ်ကြောင်း ဂရာဗီဆင်က ပြောကြားသည်။

**အံ့အားသင့်**

အဆိုပါကစားသမား ပြောင်းရွှေ့လာခြင်းကို ဆဲလ်တစ်အမှုဆောင်အကြီးအကဲများနှင့် ဆဲလ်တစ်၏ပရိသတ်များက အံ့အားသင့်နေကြသည်။ ဆဲလ်တစ်အသင်းသည် ဂရာဗီဆင်အား ခေါ်ယူရေးအတွက် ပရီမီယာလိဂ်အသင်းများဖြစ်သော နယူးကာဆယ်၊ ဘော်လ်တန်၊ မစ်ဒယ်ဘရော့နှင့် ၎င်း၏အသင်းဟောင်း အဲဗာတန်တို့နှင့် အပြိုင်ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ သို့သော်လည်း ဂရာဗီဆင်သည် ဩဂုတ် ၂၈ရက်က ၎င်း၏ စာချုပ်ကိစ္စ ဆွေးနွေးရန် ဆဲလ်တစ်သို့ ရောက်ရှိလာခဲ့သည်။

**(အင်တာနက်)**



## ဆက်ကပ်လှူဒါန်း

ပဲခူးတိုင်း ညောင်လေးပင်မြို့နယ် ပိန်းဇလုပ် သုဓမ္မာရာမ ပရိယတ္တိစာသင်တိုက် အတွင်းရှိ သုဝဏ္ဏဝတီ သုံးထပ်ရွှေကျောင်းတော်ကြီးပြန်လည်ပြုပြင်ရန်အတွက် နှစ်ဖက်မိဘများနှင့် ဦးကျင်ထွေး၊ ဦးမြလှိုင်၊ ဦးရွှေလှိုင်၊ သမီး မသန်းသန်းတို့အား ရည်စူး၍ ဒေါ်ပိမိသားစုကုန်စုံဆိုင်က ပထမအကြိမ် ကျပ်ငါးသိန်းကို ပဓာနဆရာတော် ဦးဥတ္တမသာရထံဆက်ကပ်လှူဒါန်းစဉ်။ (က-ပ)

# ကိုယ်ဝန်ဆောင်မိခင်များအန္တရာယ်ကင်းစွာမွေးဖွားနိုင်ရေးဆွေးနွေး အင်အားဖြည့်အစားအစာများနှင့် အိုင်အိုဒင်းဆားများထောက်ပံ့

မန္တလေး ဩဂုတ် ၂၀

**မန္တလေးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့် အဖွဲ့ဝင်များသည် ဩဂုတ် ၁၅ရက် မွန်းလွဲ ၁နာရီက အမရပူရ မြို့နယ် တောင်သမန်ကျေးရွာရှိ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ဖွင့်လှစ်ထားသော တောင်သမန်မူကြိုသို့ရောက်ရှိလာပြီး မူကြိုကျောင်းအတွက် ရန်ပုံငွေကျပ်၃၀၀၀၀၊ကလေးကစားစရာ စက်ဘီးလေးစီးနှင့်အမိုက်ပုံးများကို လည်းကောင်း၊ မူကြိုကလေးငယ် ၅၆ ဦးအတွက် ကစားစရာအရုပ်များ၊ သွားတိုက်ဆေးနှင့် သွားတိုက်တံများ၊ စားစရာမုန့်များကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။** (အောက်ပုံ)

### တွေ့ဆုံအမှာစကားပြောကြား

ဆက်လက်၍တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်ပြုံးဝင်းနှင့်အဖွဲ့ဝင်များသည် အမရပူရမြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းသို့ရောက်ရှိကြပြီးကိုယ်ဝန်ဆောင်မိခင်များနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

### ထောက်ပံ့ပေးအပ်

ထို့နောက် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဒေါက်တာခင်မေသစ်က ကိုယ်ဝန်ဆောင်မိခင်များ အန္တရာယ်ကင်းစွာ မွေးဖွားနိုင်ရေးကို ဆွေးနွေးပြောကြားပြီး ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက ကိုယ်ဝန်ဆောင်မိခင် ၅၀တို့အားအင်အားဖြည့်အစားအစာများနှင့် အိုင်အိုဒင်းဆားများ ထောက်ပံ့ ပေးအပ်သည်။



ဆက်လက်၍ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမရပူရမြို့နယ် မြို့မမူကြိုကျောင်းသို့ ရောက်ရှိကြပြီး မူကြိုကျောင်းအတွက်ရန်ပုံငွေကျပ် ၃၀၀၀၀၊ ကလေးကစားစရာစက်ဘီးလေးစီးနှင့် အမှိုက်ပုံးများကို လည်းကောင်း၊ မူကြိုကလေးငယ် ၃၄ ဦးအတွက် ကစားစရာအရုပ်များ၊ သွားတိုက်ဆေးနှင့် သွားတိုက်တံများ၊ စားစရာမုန့်များကို လည်းကောင်းပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကျိုင်းတုံမြို့နယ်တွင် ထွန်တုံးပိတ်ပွဲနှင့်ကောက်စိုက်ပြိုင်ပွဲကျင်းပ မိုးစပါးကေတစ်သိန်းခွဲကျော် စိုက်ပျိုးပြီးစီး

ကျိုင်းတုံ ဩဂုတ် ၂၃

**ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကကြီးမှူး၍ ၂၀၀၆ ခုနှစ် ခရိုင်အဆင့် မိုးစပါးထွန်တုံးပိတ်နှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲကို ဩဂုတ်၁၉ရက် နံနက်၉နာရီခွဲက ကျိုင်းတုံမြို့နယ် ကတ်တောင် ကျေးရွာအုပ်စု ကွင်းအမှတ်(၂၅) ဦးပိုင်အမှတ် (၇၆)ရှိ တောင်သူဦးစိုင်းဟောင်နှင့် ဦးစိုင်းအိုက်တို့၏ လယ်ကွက်တွင် ကျင်းပသည်။**



### တက်ရောက်

အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (အရှေ့ပိုင်း)အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ခင်မောင်ကျော်၊ ကျိုင်းတုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်မင်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်စိုက်ကြပ်အဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုများမှ တောင်သူများနှင့် ပြိုင်ပွဲဝင်အသင်းများမှ ကောက်စိုက်လုံမများ စုစုပေါင်း အင်အား ၅၀၀ ကျော် တက်ရောက်ကြသည်။

### ပြိုင်ပွဲစတင်

အခမ်းအနားတွင် ကျိုင်းတုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်မင်းနှင့် ပြည်နယ်စိုက်ပျိုးရေး မန်နေဂျာ ဦးအေးသိန်းတို့က အမှာစကားပြောကြားကြပြီး ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးမြင့်သန်းက ပြိုင်ပွဲစည်းကမ်းနှင့် အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းတင်ပြကာ ပြိုင်ပွဲကိုစတင်ကျင်းပသည်။ **(အပေါ်ပုံ)**

### ဆုချီးမြှင့်

ပြိုင်ပွဲတွင် ကောက်စိုက်အသင်း ရှစ်သင်း ပါဝင်ယှဉ်ပြိုင်ကြရာ ပထမဆုရ ကတ်ဖကျေးရွာအုပ်စု၊ ဒုတိယဆုရ မြို့မရပ်ကွက်တို့အား ခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကျော်မင်းကလည်းကောင်း၊ တတိယဆုရ ယန်းလောကျေးရွာအုပ်စုအား ပြည်နယ်မန်နေဂျာ ဦးအေးသိန်းကလည်းကောင်း ဆုများချီးမြှင့်ကြသည်။

### စိုက်ပျိုးပြီးစီး

ကျိုင်းတုံခရိုင်တွင် ၂၀၀၆ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် စပါးစိုက်ကေပေါင်း ၁၅၇၆၈၅ ကေကို ထွန်တုံးပိတ် စိုက်ပျိုးပြီးစီးပြီး ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# တီးတိန်မြို့ ဗန်းတဲ့အလက ရွှေရတုသဘင်ကျင်းပမည်

တီးတိန် ဩဂုတ် ၂၃

**ချင်းပြည်နယ် တီးတိန်မြို့နယ် ဗန်းတဲ့အခြေခံပညာ အလယ်တန်းကျောင်း၏ အနှစ်(၅၀)ပြည့် ရွှေရတုသဘင်ပွဲတော်ကို အောက်တိုဘာ ၁၂ရက်တွင် အဆိုပါဗန်းတဲ့ကျေးရွာအလကၡ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။**

**ဗန်းတဲ့ကျေးရွာ အလက နှစ်(၅၀)ပြည့် အထိမ်းအမှတ်ပွဲတော်၌ တိုင်းရင်းသားများ ချင်းရိုးရာအကများဖြင့် ကပြဖျော်ဖြေတင်ဆက်သွားမည်ဖြစ်ပြီး နှစ်(၅၀)ပြည့် ရွှေရတုသဘင်ပွဲတော်အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများကိုလည်း ထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။** (၄၁၇)

# ရွှေမြန်မာဆရာတော် ဝါတွင်းဥပုသ်တရားပွဲ

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ်(၂)ရပ်ကွက်အာသာဝတီလမ်း(ခ) ဘုန်းကြီးလမ်း၊ ရွှေမြန်မာ သာသနာ့ရိပ်သာ ကျောင်းတိုက်၏ ဦးစီးပဓာနနာယက ကမ္ဘောဓနာစရိယ မဟာစည်နယ်လှည့် ဓမ္မကထိက ဘဒ္ဒန္တ ဝိဇ္ဇာသိဒ္ဓိ (ရွှေမြန်မာဆရာတော်)က စက်တင်ဘာ ၆ ရက်တွင် ရွှေတိဂုံအနောက်မုခ် ပြွန်တန်ဆာဇရပ် မိုးညှင်းစံကျောင်း၌ လည်းကောင်း၊ စက်တင်ဘာ၁၅၊ ၁၆၊ ၁၇ရက်တွင်ချောက်မြို့ ဇီးကပ်စုဓမ္မာရုံ၌ လည်းကောင်း၊ စက်တင်ဘာ၂၉ရက်တွင် မုံရွာမြို့ စမ်းမြသီတာရိပ်သာနှင့် ဘုန်းစိုးကျောင်းတိုက် ဓမ္မဗိမာန်၌ လည်းကောင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**



# အမြို့မြို့အနယ်နယ်သတင်းများ

**ဩဂုတ် ၆ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမောင်မောင်ညွှန့် ခေါင်းဆောင်သောအဖွဲ့ မြို့သစ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ မြို့သာယာလှပရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းနှင့် အငယ်တန်းအင်ဂျင်နီယာ (၂)ဦးသက်အောင်သန့်တို့က ဗိုလ်မင်းရောင်လမ်းနှင့် ဆေးရုံလမ်းဆုံတြိဂံကျွန်းတွင် ပန်းများဝေဆာဖူးပွင့်နေသည်ကို ရှင်းလင်းပြသစဉ်။** (မြို့နယ်စည်ပင်)



# ကျောင်းပြင်ပမူလတန်းပညာရေးကျောင်း ကြို့ပင်ကောက်မြို့နယ်တွင်ဖွင့်လှစ် ချို့တဲ့ကလေးများအတွက်ငွေလှူဒါန်း

**ကြို့ပင်ကောက် ဩဂုတ် ၂၆**

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့ ပျဉ်ထောင်ရပ် ကျောင်းပြင်ပမူလတန်းပညာရေးကျောင်းဖွင့်ပွဲ အခမ်းအနားကို ဩဂုတ် ၂၁ရက်ညနေ ၃နာရီက ပျဉ်ထောင်ရပ် မူလတန်းကျောင်း၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှသိန်း၊ မြို့နယ်ပညာရေးမှူးဦးအောင်ဝင်းနှင့် ပျဉ်ထောင်ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုးကြီးတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

### ရှင်းလင်းတင်ပြ

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးနှင့် ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်တို့က ကျောင်းပြင်ပ ပညာရေးနှင့်စပ်လျဉ်း၍ ရှင်းလင်း တင်ပြကြသည်။

ဆက်လက်၍ ချို့တဲ့သောကလေး ၁၃ ဦးအတွက် သစ်လုပ်ငန်းရှင်များက တစ်သိန်း၊ မော်တော်ယာဉ်လုပ်ငန်းရှင်များက တစ်သိန်း၊ ဆန်စက်လုပ်ငန်းရှင်များက တစ်သိန်း၊ အမှတ်(၈၇) သစ်စက်က နှစ်သောင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက နှစ်သောင်း၊ အမျိုးသမီးရေးရာက တစ်သောင်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးက တစ်သောင်း၊ ဗီဒီယိုလုပ်ငန်းရှင်များက သုံးသောင်းနှင့် မြို့ပေါ် အထက/အလက ကျောင်းများက အဝတ်အထည်၊ ကျောင်းသုံးစာရေး ကိရိယာများအား အသီးသီး ပေးအပ် လှူဒါန်းကြရာ စုစုပေါင်း လှူဒါန်းငွေကျပ်သုံးသိန်း ကိုးသောင်းဖြစ်သည်။ **(၀၄၀)**

# သရက်ချောင်းမြို့နယ်တွင် ရေနုတ်မြောင်းတူးဖော် ပန်းအလှပင်စိုက်ပျိုး

**သရက်ချောင်း ဩဂုတ် ၂၅**

ထားဝယ်ခရိုင် သရက်ချောင်းမြို့နယ်အဝင် ပန်းတောရပ်ကွက်တွင် ဩဂုတ်၁၅ရက် နံနက်၇နာရီက သရက်ချောင်းမြို့နယ် စည်ပင်သာယာရေးဝန်ထမ်းများက ပေါင်းမြက်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်း တူးဖော်ခြင်း၊ ပန်းအလှပင်စိုက်ပျိုးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါလုပ်ငန်းများကို သရက်ချောင်းမြို့နယ် စည်ပင်သာယာရေးမှ အမှုဆောင်အရာရှိဦးဇော်နိုင်ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ-၃ ဦးဇင်မျိုးအောင်တို့က ကြီးကြပ်ခဲ့ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**



စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်) ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးခင်လတ်နှင့် ပဲခူးတိုင်း (အနောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးလွင်တို့ ဩဂုတ် ၂၃ရက်က လက်ပံတန်းမြို့ မြို့မဈေးကြီးအတွင်းရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

# ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကြီးမှူး မျိုးချစ်စိတ်ဓာတ်ထက်မြက်ရေး ဟောပြောပွဲကျင်းပ

မိတ္ထီလာ ဩဂုတ် ၂၃

**မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး ဟောပြောပွဲကို ဩဂုတ် ၁၆ ရက် နံနက် ၁၀ နာရီက မိတ္ထီလာ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည်။**

**အမှာစကားပြောကြား**

အခမ်းအနားတွင် အမှတ်(၅) အထကကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဖြူဖြူခင်က မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအကြောင်း သိကောင်းစရာများကို ရှင်းလင်းဟောပြောသည်။

**ရှင်းလင်းဟောပြော**

ဆက်လက်၍ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးကျော်ဝင်းဆွေက အသင်း၏ ရည်ရွယ်ချက်များကို လည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်အုန်းက မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးကိုလည်းကောင်း ရှင်းလင်းဟောပြောကြသည်။

**အသင်းဝင်ကတ်ပေးအပ်**

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌက မိသားစုစီမံခန့်ခွဲရေးစာအုပ် ၃၀နှင့် အသင်းဝင် ရင်ထိုးတံဆိပ်၊ အသင်းဝင်ကတ်များကို ပေးအပ်ရာ အမှတ် (၅) အထက ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။

**ခင်းကျင်းပြသ**

ထို့နောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက နယ်လှည့်စာကြည့်တိုက် စာအုပ်ပြပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲတို့ကို ခင်းကျင်းပြသကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# သထုံမြို့နယ် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်စည်းဝေး

သထုံ ဩဂုတ် ၂၂

**သထုံမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေးကို ဩဂုတ်၁၇ရက် နံနက်၈နာရီက အဆိုပါအသင်းရုံး၌ ကျင်းပသည်။**

**အမှာစကားပြောကြား**

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သော်ဇင်က အမှာစကားပြောကြားပြီး တက်ရောက်လာကြသော ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အသင်းဝင်အဆိုပြုလွှာ ၅၂၆စောင်ကို ပေးအပ်ကြသည်။

**ဂုဏ်ပြုဆုချီးမြှင့်**

ဆက်လက်၍ ခရိုင်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ၂၀၀၅-၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်း ဂုဏ်ထူးရကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်သည်။**(အောက်ပုံ)** ထို့နောက် အလှူရှင်ရှစ်ဦးက အလှူငွေကျပ်၈၁၀၀၀၀ ကို ခရိုင်ဥက္ကဋ္ဌထံပေးအပ်ကြောင်း သိရသည်။ **(က-ပ)**



# အမြို့မြို့ အနယ်နယ် သတင်းများ

# မြန်မာ့အသံ နားဆင်စရာ

**၁၃၆၈ခုနှစ်**
**(တော်သလင်းလဆန်း ၁၂ ရက်)**
**၃-၉-၂၀၀၆ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ဗောဇ္ဈင်္ဂသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

**နေ့လယ်ပိုင်း**

- ၁၀:၀၀ သုတစုံစွာ သိမှတ်စရာ (ကျန်းမာရေးအကြောင်း သိကောင်းစရာတချို့-သိပ္ပံမှူးတင်)
- ၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စိုက်ပျိုးရေးရာပြန်ကြားလွှာ)
- ၁၁:၃၀ မေတို့တွက်တာအလှကမ္ဘာ (ပေါ့ပါးသွက်လက်လှလိုလျှင်)
- ၁၁:၄၅ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) ဝေးပြီ (စန္ဒရားလှထွတ်)
  - (၂) စံပယ်ပွင့်ပြီမောင် (ကြည်ကြည်ဝင်း)
  - (၃) ချစ်မိုးကြီး (ကိုမင်းနောင်)
- ၁၂:၀၀ ကလေးများ၏ ပုံပြောပြိုင်ပွဲ (စိတ်ကောင်း စေတနာကောင်းထားက ကောင်းကျိုးခံစားရ)
- ၁၂:၃၀ ဇာတ်လမ်းပမာ နားဆင်စရာ (ဘာရေလို့ ခေါ်ရမည်လဲ)
- ၁၃:၁၀ ယဉ်ကျေးမှုအနုပညာ (စာတတ်မြောက်ရေး ကြိုးပမ်းမှုများ-ဒေါ်စောမုံညင်း)

**ညနေပိုင်း**

- ၁၇:၀၀ တေးသံစုံ (အေဝမ်း ခင်မောင်အဖွဲ့၏ တေးသံစုံ)
- ၁၇:၁၅ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (အမျိုးသားရေးနှင့် ဇာတိမာန်သွေးကို နိုးဆွပျိုးထောင်ပေးကြသူများ) (ညွှန့်ဟံ-ကြူတော)
- ၁၇:၃၀ သူ့အလှည့် (ခင်ခင်ရီ)
- ၁၈:၂၅ (၁၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပညာရှင်အဆင့် (အမျိုးသား) (ခေတ်ဟောင်း/ကာလပေါ်)
  - (၁) ဘုံဓမ္မတာ (ဥဩဘသောင်)
  - (၂) ကျောင်းတော်ရာ(ပြည်ဘရှင်)
  - (၃) တေဘုမ္မာ (မောင်မောင်ကြီး)
- ၁၈:၄၅ အာယုနှင့်သာခု ဆွေးနွေးခန်း
- ၁၉:၁၅ မြန်မာမှု မြန်မာ့သဘင် (မြန်မာ့ခလေ့) (ရွာစားကြီး စိန်ဗိုလ်တင့်စီစဉ်တင်ဆက်သည့် တော်သလင်းလ လေ့တော်ဘွဲ့-ဒုတိယပိုင်း)
- ၂၀:၃၀ အင်္ဂလိပ်စကားပြောကြမယ် English Lesson Working Knowledge
- ၂၀:၄၀ ခံစားနားဆင် မြန်မာတေးသံစဉ်
  - (၁) အိမ်ပြန်တော့မယ် (နီနီ)
  - (၂) ပန်းနွယ်ကစိမ်း (တွံတေးသိန်းတန်)
  - (၃) စံပယ်တစ်ခက်မွှေးနေလျက် (ကြာညိုသွယ်)

# ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှား

**မန္တလေး ဩဂုတ် ၂၂**

၂၀၀၆ ခုနှစ် ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအနေဖြင့် ဩဂုတ် ၁၅ ရက် နံနက် ၉နာရီက မန္တလေးအောင်မြေသာစံမြို့နယ် ပြည်ကြီး ကျက်သရေအရှေ့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း စုဝေးသဘင်ခန်းမတွင် ကျင်းပသည်။

**ပညာပေးဟောပြော**

ရှေးဦးစွာ တာဝန်ခံကျောင်းအုပ်ဆရာကြီး ဦးစိုးဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် ကျောင်းကျန်းမာရေးအဖွဲ့ခေါင်းဆောင်၊ အာဟာရကျွေးမွေးရေး အဖွဲ့ခေါင်းဆောင်တို့က ကျန်းမာရေးပညာပေး ဟောပြောကြသည်။

ထို့နောက် အတန်းလိုက်အတန်းပတ်ဝန်းကျင်၊ စာသင်ခန်းအတွင်း သန့်ရှင်းရေးများ ဆောင်ရွက်ခြင်း၊ ကျောင်းပတ်ဝန်းကျင်ရှိ ရေဆိုးထုတ်မြောင်း ခြင်၊ ယင် မခိုအောင်းနိုင်ရန်၊ ရေစီးရေလာကောင်းရန် အမှိုက်သရိုက်များဆယ်ယူခြင်း၊ ရွှံ့ညွှန်များဆယ်ခြင်း၊ ရေဖြင့် ဆေးကြောခြင်းနှင့် ကျောင်းအိမ်သာဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်ကြသည်။ (၁၆၂)



# ကျောင်းကုန်းမြို့တွင်မှုခင်းကျဆင်းရေးပညာပေး

ကျောင်းကုန်း ဩဂုတ် ၂၈

**မြို့နယ်ရဲတပ်ဖွဲ့ကကြီးမှူးကျင်းပသော မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို ဩဂုတ်၂၄ရက်နံနက် ၁၀နာရီက ဇရာဝတီတိုင်း ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။**

**ဟောပြော**

အခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မြင့်က လူသတ်မှုနှင့် သက်ငယ်မုဒိမ်းမှု ပပျောက်ရေး၊ မှုခင်းကျဆင်းရေးကိုလည်းကောင်း၊ ဒုတိယ ခရိုင်တရားသူကြီး(၁) ဒေါ်မြင့်မြင့်စိန်က ပြစ်မှုပြစ်ဒဏ်ပပျောက်ရေးကိုလည်းကောင်း၊ ခရိုင်ဥပဒေအရာရှိ ဦးတင်အေးက ဥပဒေများနှင့် သိကောင်းစရာများကိုလည်းကောင်း အသီးသီး ပညာပေးဟောပြောကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်မြင့်က မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းတို့အား စစ်ဆေးပြီး တပ်ဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များ မှာကြားသည်။ **(၂၆၅)**



# မြောင်းမြခရိုင် ရဲတပ်ဖွဲ့ မှုခင်းကျဆင်းရေးပညာပေး လောင်းကစားကင်းစင်နယ်မြေ ဆိုင်းဘုတ်စိုက်ထူ

**လပွတ္တာ ဩဂုတ် ၂၄**

မြောင်းမြခရိုင် ရဲတပ်ဖွဲ့ မှုခင်းကျဆင်းရေး ပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁၈ ရက် မွန်းလွဲ ၁နာရီက လပွတ္တာမြို့ ရွှေနဒီခန်းမ၌ ကျင်းပသည်။

**ဟောပြော**

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွင့်ဝင်းက အမှာစကား ပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ဒုတိယရဲမှူးဇင်မော်၊ ခရိုင်တရားသူကြီး ဒေါ်သန်းအေး၊ ခရိုင်ဥပဒေအရာရှိ ဦးတွာလ်ခမ်ဒါန်တို့က မှုခင်းများ မဖြစ်ပေါ်အောင် ကြိုတင်ကာကွယ်ရေး နည်းစနစ်များကို ဆွေးနွေးဟောပြောကြသည်။

**စိုက်ထူ**

ထို့နောက် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် မြို့နယ် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ လိုက်ပါလျက် လောင်းကစား ကင်းစင်နယ်မြေသတ်မှတ်ထားသော အမှတ်(၇) ရပ်ကွက် ဆိုင်းဘုတ်စိုက်ထူ ပြီးစီးမှုအခြေအနေကို သွားရောက်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

**(မြို့နယ် ပြန်/ဆက်)**

# အမရပူရမြို့နယ်တွင် ဝန်ထမ်းအိမ်ရာဆောက်လုပ်

**အမရပူရ ဩဂုတ် ၂၅**

အမရပူရမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိသော ဝန်ထမ်းအိမ်ရာ သုံးခန်းတွဲတစ်လုံး ဆောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေအား ဩဂုတ် ၂၃ရက်က အမှုဆောင်အရာရှိ ဦးပြည်စိုး (လက်ထောက် ညွှန်ကြားရေးမှူး)နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးရဲလွင်တို့ ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

## ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဆိုင်ထွက်ခွင့်ရရှိသူအမည်ပြောင်းလဲခြင်းဆိုင်ရာ ကြော်ငြာ

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့သည် စောင်းတန်းများအတွင်း ဆောက်လုပ်ထားသော ဆိုင်ခန်းများ၌ ရောင်းချရန် ဆိုင်ထွက်ခွင့်ရရှိသူများ သတ်မှတ်ခွင့်ပြုထားရှိပါသည်။ ယခုအခါ ယင်းဆိုင်ခန်းများတွင် ဈေးရောင်းချရန် ဆိုင်ထွက်ခွင့်ရသူအမည်များ ပြောင်းလဲပေးရန် သက်ဆိုင်သူများက လျှောက်ထားတင်ပြလာသောကြောင့် ဂေါပကအဖွဲ့က အမည်ပြောင်းလဲပေးရန် စီမံဆောင်ရွက်နေပါသည်။

အောက်ဖော်ပြပါ ဆိုင်ခန်းများတွင် မူလအမည်မှ ယခုလျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်သောကြောင့် ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားတင်ပြပြီး၊ ဤကြော်ငြာပါသည့်ရက်မှစ၍ ၇ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအပ်ပါသည်။

**တောင်ဘက်စောင်းတန်းမှ ဆိုင်ထွက်ခွင့်ရသူ အမည်ပြောင်းလိုသောဆိုင်အမှတ်များ**

၁။ ၄။ ၁၃။ ၂၅။ ၄၃။ ၅၂။ ၅၄။ ၇၀။ ၇၅။ ၈၀။ ၈၂။ ၈၄။ ၈၉။ ၉၁။ ၉၃။ ၁၀၈။ ၁၂၁။ ၁၂၈။ ၁၃၀။ ၁၃၈။ ၁၄၂။

**တောင်ဘက်(ဈေးတော်ရုံ)မှ ဆိုင်ထွက်ခွင့်ရသူ အမည်ပြောင်းလိုသော ဆိုင်အမှတ်များ**

၆။ ၂၂။ ၃၄။ ၃၇။ ၄၃။ ၄၄။ ၄၉။ ၅၀။

**အရှေ့ဘက်စောင်းတန်းမှ ဆိုင်ထွက်ခွင့်ရသူ အမည်ပြောင်းလိုသော ဆိုင်အမှတ်များ**

၂။ ၄၆။ ၈၂။ ၁၀၀။ ၁၀၂။ ၁၀၇။ ၁၀၉။ ၁၁၀။ ၁၁၁။ ၁၂၂။ ၁၄၀။

**မြောက်ဘက်စောင်းတန်းမှ ဆိုင်ထွက်ခွင့်ရသူ အမည်ပြောင်းလိုသော ဆိုင်အမှတ်များ**

၁၀။ ၁၂။ ၂၆။ ၄၁။ ၄၅။ ၅၆။ ၆၇။

**ဂေါပကအဖွဲ့။**

### အမည်ပြောင်း

အဖဦးမင်းမင်း၏သား မင်္ဂလာဒုံမြို့နယ် အလက(၄) ဒုတိယတန်း(က)တွင် ပညာသင်ကြားနေသော မောင်သန့်စင်ဖြိုးအား ယနေ့မှစ၍ မောင်သူရိန်ထွန်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်သူရိန်ထွန်း။**

### အမည်ပြောင်းနှင့် မွေးသက္ကရာဇ်မှန်

ရွှေညောင်မြို့ ခနသိဒ္ဓိရပ်နေ ဦးတင်ကြည်၏သမီး မကြည်ကြည်အေးအား မနန်းသီရိမြတ်နိုးဟု ပြောင်းလဲခေါ်ပါရန်နှင့် မွေးသက္ကရာဇ်အမှန်မှာ ၃–၄–၁၉၈၂ ဖြစ်ပါကြောင်း။ **မနန်းသီရိမြတ်နိုး။**

### စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးချစ်သိန်း–ဒေါ်လှသန်းတို့၏သားထွေး
**မောင်ကျော်မင်းလွင် A.G.T.I (M.P)**
နှင့်
ရန်ကုန်မြို့နေ ဦးထွန်းလှသိန်း–ဒေါ်သန်းသန်းဆွေတို့၏ သမီးကြီး
**မမိုးသဇ္ဇာဦး B.Sc°(Botany)**
တို့သည် ၂၇–၈–၂၀၀၆ ရက် (တနင်္ဂနွေနေ့)တွင် နှစ်ဖက်သော မိဘဆွေမျိုးများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သော မိဘများနှင့်**
**မောင်ကျော်မင်းလွင်–မမိုးသဇ္ဇာဦး။**

### ရောင်းရန်ကြော်ငြာ
**(တရားမကျင့်ထုံးကိုဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)**
**မန္တလေးတိုင်းတရားရုံး**
**၂၀၀၅ ခုနှစ် တရားမဇာရီမှုအမှတ်–၃၈၁(အမ်)**

မြန်မာ့စီးပွားရေးဘဏ် မိတ္ထီလာမြို့။ **တရားနိုင်** **နှင့်** ၁။ ဦးကျော်အေး ၂။ ဒေါ်ငွေခင် **တရားရှုံး**

၂၀၀၂ ခုနှစ် တရားမကြီးမှု အမှတ်–၂၃၃တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၀၆ခုနှစ် အောက်တိုဘာလ ၉ ရက်နေ့၊ မြန်မာသက္ကရာဇ်(၁၃၆၈ ခုနှစ် သီတင်းကျွတ်လဆန်း ၃ ရက်နေ့ )မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

**လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း**

မိတ္ထီလာမြို့၊ ပြည်သာယာရပ်ကွက်၊ အကွက်အမှတ်(၁၉/ဃ ပြည်သာယာ) ဦးပိုင်အမှတ်(၁၁၆/၉၆)၊ မြေကွက်အမှတ်(၁၁၈)၊ မြေချိန်ဧရိယာ ၀ဒသမ ၀၈၀ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ(၃၅ x၂၈)ပေရှိ နှစ်ထပ်တိုက်၊ တွဲလျက်မီးဖို၊ ရေချိုးခန်း၊ ရေလောင်းအိမ်သာ၊(၃၆ x၂၀)ပေရှိဂိုဒေါင်။

**လေလံကြမ်းခင်းဈေး–ကျပ်(၁၁၅)သိန်း**
**ရောင်းချရန်စည်းကမ်းချက်များ**

(၁) စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်ကတရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၆ ခုနှစ် ဩဂုတ်လ ၁၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**စိန်သန်း**
**တွဲဖက်တိုင်းတရားသူကြီး(၄)**
**မန္တလေးတိုင်းတရားရုံး။**

**LWIN CAR RENTAL**

နေပြည်တော်တွင် ကားလိုအပ်ပါက ဆက်သွယ်နိုင်ပါသည်။
**ဖုန်း–၀၆၇–၂၁၂၄၇ ။**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ခ/၆၈၃၈ ကာဂို၊ ထရပ်(၆ x၆)ယာဉ်လက်ဝယ်ရှိသူအမည် ဦးမောင်မောင်သင်း မှတ်ပုံတင်အမှတ် ၁/မကန(နိုင်)၀၇၆၉၄၅ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး၊ (မြစ်ကြီးနားမြို့)။**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် တက/၁၆၃၆၆ ယာဉ်အမျိုးအစား ဇစ်စတားဒရင်းယာဉ်လက်ဝယ်ရှိသူ အမည် ဦးတင်မောင်ဆွေ မှတ်ပုံတင်အမှတ် ၁၃/တကန (နိုင်) ၀၁၄၈၁၄ က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ရုံး၊ (တောင်ကြီး)။**

### ဦးသန်းဌေး ၁၂/ကတန(နိုင်)၀၄၅၄၁၉ နှင့် အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဒေါ်မြင့်မြင့်ခင် (ဒီဒီအီး–၁၆၈၆၅၀)၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ ဦးသန်းဌေးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်မြင့်မြင့်ခင်နှင့် ဦးသန်းဌေးတို့သည် အကြင်လင်မယားအဖြစ် ကျောက်တန်းမြို့၌ ပေါင်းသင်းနေထိုင်ရာမှ ဦးသန်းဌေးသည် ၂–၈–၂၀၀၆ ရက်နေ့တွင် ဒေါ်မြင့်မြင့်ခင်၏ဆွဲကြိုးကို အဓမ္မယူပြီး နေအိမ်မှ ဆင်းသွားပါသည်။ ယခင်ကလည်းဦးသန်းဌေးသည် ဒေါ်မြင့်မြင့်ခင်အပေါ် နည်းမျိုးစုံဖြင့် ကိုယ်ဆင်းရဲခြင်း၊ စိတ်ဆင်းရဲခြင်းများဖြစ်အောင်ပြုလုပ်ခဲ့ပါသည်။ ဦးသန်းဌေးနှင့် ဒေါ်မြင့်မြင့်ခင်တို့သည် ယခုအခါ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်မှုမရှိကြောင်းနှင့် ဦးသန်းဌေးနှင့်စပ်လျဉ်းသော ကိစ္စရပ်များသည် ကျွန်ုပ်အမှုသည် ဒေါ်မြင့်မြင့်ခင်နှင့် လုံးဝသက်ဆိုင်မှုမရှိပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြင့်မြင့်ခင်၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ–
**ဦးကျော်သက်လင်း**
**တရားရုံးချုပ်ရှေ့နေ**
**အမှတ်–၈၃၊ ပထမထပ် ပန်းဆိုးတန်းလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ကျေးဇူးဆပ်ပါမည်** ယာဉ်အမှတ်–၂ခ/၈၈၅၇ တိုယိုတာလင်ခရူဇာ အခွန်ကင်းလွတ်ပုံစံ(၁)စာရွက်ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။ **ဖုန်း–၇၀၅၅၂၅–၅၃၅၄၄၈။**

### မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူ လျှောက်ထားခြင်း

ယာဉ်အမှတ် ယ/၇၁၈၄၆ ယာမဟာ DT-125° မော်တော်ဆိုင်ကယ်ယာဉ်လက်ဝယ် ရှိသူအမည် ဦးဘိုအောင် မှတ်ပုံတင်အမှတ် ၁/ဗမန(နိုင်)၀၆၂၈၆၄ က ယာဉ်မှတ်ပုံတင် စာအုပ်(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး၊ (လားရှိုး)။**

### အများသိစေရန်

တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် အကွက်အမှတ်(၅) အကွက်အမည် မင်္ဂလာကွက်သစ်ရပ် မြေကွက်အမှတ်(၃၂၃) ဦးပိုင်အမှတ်(၂၆၇)၊ ဧရိယာ ၀ဒသမ၁၂၆ ဧကရှိသည့် ဒေါ်ခင်မေဝင်း ၁၃/တကန(နိုင်)၁၂၂၁၀၂ အမည်ပေါက် မြေငှားဂရန်အမှုတွဲအမှတ် (၃၆/၁၉၅၇–၅၈) ဂရန်မူရင်းသည် ပျောက်ဆုံးနေရာ ပြန်လည်မြေငှားဂရန်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်ခင်မေဝင်း**
**၁၃/တကန(နိုင်)၁၂၂၁၀၂၊**
**အမှတ်(မ/၃၁၅)၊ ဝန်ကြီးလမ်းခွဲ–၂၊**
**နယ်မြေ(၆) ရေအေးကွင်းရပ်ကွက်၊ တောင်ကြီးမြို့။**

## ကြေးပိဋကတ်တော် ပြုလုပ်ရန် အလှူငွေများလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၁**

မြတ်ဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာ တည်တံ့ကြာအောင် ကြံဆောင်၍ ဘုရားဟော ပိဋကတ်ကျမ်းစာတော်များကို ခေတ်မီသောနည်းပညာရပ်များဖြင့် ကြေးပြားတွင် အက္ခရာရေးထွင်းလျက် ကြေးပိဋကတ်တော်တစ်ဆူ ပြုလုပ် လှူဒါန်းနေကြရာ ဝိနည်းပိဋက တော်ဝင်ကျမ်းစာအုပ်များ ပြုလုပ်ပြီးစီးတော့မည် ဖြစ်သည်။ ဝိနည်းပိဋက နောက်ဆုံးပဉ္စမကျမ်းစာအုပ် "ပရိဝါရပါဠိတော်"အတွက် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏ (အစိုးရဓမ္မာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)အရှင်မြတ်နှင့် ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေးအဖွဲ့သို့ လာရောက်လှူဒါန်းကြသော အလှူရှင်များမှာ တောင်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၈၅နေ ဦးမောင်မောင်ဦး–(ဒေါ်စန်းစန်းမြင့်)၊ မောင်အောင်သူလင်း–မအေးအေးခိုင် (သမီး)၊ သား မောင်ရဲဝင်း– သမီး မဖြူဖြူသင်း(မင်္ဂလာရွှေအုပ် တိုင်းရင်းဆေး)မိသားစု၊ နှစ်ဖက်သောမိဘဘိုးဘွားများနှင့် ဦးထွန်းတင်အား ရည်စူး၍ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်အုတ်လမ်း၊ အမှတ် ၁၂၇နေ ဒေါ်မေသန်းမိသားစုတို့က ကြေးပြား ခြောက်ချပ် (ကျပ် ၁၀၈၀၀၀)စီ။ ကွယ်လွန်သူ ဖခင်ကြီး ဦးတန်ပေါ်ဟီးနှင့် ဒေါ်ကြင်လွမ်းတို့အား ရည်စူး၍ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်းမကြီး၊ အမှတ် ၃၉(ဒုထပ်)နေ သမီး ဒေါ်ကြည်ကြည်ဝင်းနှင့် မောင်နှမ သားသမီးမြေးတစ်စု၊ ဗဟန်းမြို့နယ် ဆရာစံတောင်ရပ်ကွက်၊ ရတနာလမ်း၊ အမှတ် ၁၀နေ ဦးစိန်ဝင်း၊ ဒေါ်ညွန့်ညွန့်ရီ၊ ဦးတင်အောင်သန်း–ဒေါ်ဥမ္မာမြင့်၊ သမီး မနေခြည်တင် (ဩစတြေးလျ)၊ ဒေါက်တာကျော်သူ–ဒေါ်ခင်နေထား၊ သမီး မသီရိ (အင်္ဂလန်)၊ ဦးမိုးသူရ– ဒေါ်အေးအေးမော်၊ သားမောင်မြတ်ထက်(ရန်ကုန်)၊ ဦးကျော်ထက်ဇင်–ဒေါ်အိအိဖြူ၊ သမီး မဖြူရှင်းသန့်မိသားစု၊ ကမာရွတ်မြို့နယ်၊ ရွှေယင်းမာလမ်း၊ ရွှေပိတောက်ရိပ်မွန်နေ ဒေါက်တာ ဦးစိုးသိမ်း– ဒေါက်တာဒေါ်သန်းနုရွှေနှင့် သား မောင်ကျော်လင်းသိန်း–ဇနီး မနွယ်နွယ်ဝင်း မိသားစု၊ လသာမြို့နယ်၊ မောင်ခိုင်လမ်းနေ ဒေါ်ရှုတီမိသားစု၊ ဦးကျင်ခိုင်–ဒေါ်အေးကျင်၊ ဗိုလ်မှူးကြီးမြတ်ကို–ဒေါ်ဧကရီခိုင်၊ မောင်ရန်နောင်စိုး၊မသရဖီခိုင်ဇာ၊ ဒေါက်တာ သပြေခိုင်ဇာ၊ မောင်သုတနေဝင်း မိသားစုတို့က ကြေးပြား ငါးချပ် (ကျပ် ၉၀၀၀၀)စီ။ မရမ်းကုန်းမြို့နယ် ဘုရင့်နောင်ပွဲရုံ၊ ပိတောက်လမ်း၊ အမှတ်ဆ/၇၇ ငွေကမ္ဘာမိသားစုကောင်းမှုက ကြေးပြား လေးချပ် (ကျပ် ၇၂၀၀၀) အသီးသီး လာရောက်လှူဒါန်းကြသည်။

**ဆက်သွယ်လှူဒါန်းနိုင်**

အလှူရှင်များ လှူဒါန်းလိုပါက ကြေးပြားတစ်ချပ်လျှင် အလှူငွေကျပ် ၁၈၀၀၀ဖြင့် ဦးဆောင်ဆရာတော် ဘဒ္ဒန္တဉာဏနှင့် ကြေးပိဋကတ်တော် ပြုလုပ်လှူဒါန်းရေးအဖွဲ့ မင်္ဂလာတိုက်ကျောင်း၊ ကျောင်းတော်ရာ ရွှေကျင်တိုက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗဟန်းမြို့နယ်၊ (လမ်းညွှန်– ရေခဲဆိုင်မှတ်တိုင်အနီး၊ ရွှေကောင်းဟော့ပေါ့နှင့် မျက်နှာချင်းဆိုင်)ဖုန်း–၅၄၈၈၀၅ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**



ဩဂုတ် ၂၇ ရက်က တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက်တွင် ဖွင့်လှစ်လျက်ရှိသော တာမွေမြို့နယ်အတွင်းရှိ သက်ကြီးအဘိုးအဘွားများအတွက် အခမဲ့ဆေးကုသပေးသော မြင့်မြတ်စေတနာဆေးကုသခန်း၏ နှစ်ပတ်လည်အခမ်းအနားကို အရှေ့မြင်းပြိုင်ကွင်းလမ်းရှိ တာမွေဓမ္မာရုံတွင်ကျင်းပရာ ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်လေးက အမှာစကားပြောကြားစဉ်။ (က–ပ)

## မိုးညှင်းမြို့တွင် ပန်းအလှပင်များစိုက်ပျိုး

**မိုးညှင်း ဩဂုတ် ၁၂**

မိုးညှင်းခရိုင် မိုးညှင်းမြို့ပေါ် လမ်းမများ လမ်းဘေးဝဲယာတွင် စိမ်းလန်းစိုပြည်သာယာလှပရေးအတွက် ပန်းမျိုးစုံ ပန်းအလှများ စိုက်ပျိုးခြင်း၊ မြေယာရှုခင်းများ ပြုပြင်မွမ်းမံခြင်း၊ ပသာဒမြင်ကွင်းလှပစွာ ရောင်စုံအလှပန်းပင်များစိုက်ပျိုးခြင်းဖြင့် ပန်းမြို့တော်ဟု ခေါ်ဆိုနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က စီမံဆောင်ရွက်လျက်ရှိသည်။

**တာဝန်ခွဲဝေ**

အဆိုပါ လုပ်ငန်းရည်မှန်းချက်များ အောင်မြင်စေရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွန့်က စီမံဖြည့်ဆည်းပေးကာ စည်ပင်သာရေးဝန်ထမ်းများ အဖွဲ့လိုက် တာဝန်ခွဲဝေ ဆောင်ရွက်လျက်ရှိသည်။ **(၁၅၂)**



ဩဂုတ် ၁၅ရက်က လှိုင်သာယာမြို့နယ် အမှတ်(၅) အခြေခံပညာ အလယ်တန်းကျောင်း၌ ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားမှု အဖြစ် ကျောင်းအုပ် ဆရာကြီး ဦး မြင့် ဇော် က ကျန်း မာ ရေး အကြောင်း သိကောင်းစရာများကို ကျောင်းသား ကျောင်းသူများအား ဟောပြောစဉ်။ (က–ပ)

## ကျေးရွာစာကြည့်တိုက်များ ရေရှည်ဖွံ့ဖြိုးရေးဆောင်ရွက်

**ပြင်စလူ ဩဂုတ် ၂၀**

ရောဝတီတိုင်း မြောင်းမြခရိုင် ပြင်စလူမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့နယ်အတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၁ ရက်က စလူဆိပ်ကျေးရွာ အလင်းသစ်စာကြည့်တိုက်တွင် နယ်မြေခံတပ်ရင်းမှ ဗိုလ်ကြီးဝင်းနိုင်က စာအုပ်စာစောင်များ လှူဒါန်းသည်။ ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးမောင်မောင်က အလှူခံရရှိသော စာအုပ်စာစောင်များကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းမှ ဦးဖုန်းမြင့်သို့ ပေးအပ်လှူဒါန်းသည်။

**(မြို့နယ် ပြန်/ဆက်)**



နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း တောင်ကုတ်မြို့နယ်ရှိ အခြေခံပညာကျောင်းအတွက် ထောက်ပံ့ငွေ၊ ကျောင်းသုံးဗလာစာအုပ်နှင့် ခဲတံများ ပေးအပ်လှူဒါန်းရာ မြို့နယ်ပညာရေးမှူး ဒေါ်သန်းစိန် လက်ခံစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးစိုးဝင်း ဗီယက်နမ်အမျိုးသားနေ့သဝဏ်လွှာ ပေးပို့

**နေပြည်တော် စက်တင်ဘာ ၂**

၂၀၀၆ ခုနှစ် စက်တင်ဘာ ၂ ရက်တွင်ကျရောက်သော ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၏ (၆၁)နှစ်မြောက် အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းထံမှ ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့သည်။ **(သတင်းစဉ်)**

## ဝူရှူး အားကစား သရုပ်ပြမှု ကြည့်ရှုအားပေး

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ (၁၅)နှစ်မြောက် အာဆီယံ-တရုတ် ချစ်ကြည်ရေး အထိမ်းအမှတ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူရှူးအဖွဲ့ချုပ်မှ ဝူရှူးအားကစား သရုပ်ပြမှုများကို ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

# အာဆီယံ-တရုတ်ချစ်ကြည်ရေးအထိမ်းအမှတ် တရုတ်ဝူရှူးအားကစားအဖွဲ့ သရုပ်ပြပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁**

(၁၅)နှစ်မြောက် အာဆီယံ-တရုတ် ချစ်ကြည်ရေးအထိမ်းအမှတ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဝူရှူးအဖွဲ့ချုပ်၏ ဝူရှူးအားကစား သရုပ်ပြပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီက ရန်ကုန်မြို့ သုဝဏ္ဏရှိ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ကျင်းပရာ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့ တက်ရောက်အားပေးချီးမြှင့်သည်။ **စာမျက်နှာ ၉ ကော်လံ ၁** ●

# ဒေသရိက္ခာဖူလုံရေး ကြက်၊ ဘဲမွေးမြူရေးလုပ်ငန်းများဆောင်ရွက် ငရုတ်ကောင်းနှင့် ခြံစည်းရိုးကြက်ဆူပင်ဖြစ်ထွန်းအောင်စိုက်ပျိုး

**နေပြည်တော် စက်တင်ဘာ ၁**

ရခိုင်ပြည်နယ် မအီမြို့၌ ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းသည် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်ရှိန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဩဂုတ် ၂၈ ရက် နံနက်ပိုင်းတွင် မအီမြို့ ရဲတပ်ဖွဲ့စခန်းသို့ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်းက ရဲတပ်ဖွဲ့ဝင်များ အနေဖြင့် နယ်မြေအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အလေးပေး ဆောင်ရွက်ရေး၊ စခန်းဝန်းကျင် စားပင်များ နေရာလပ်မရှိ စိုက်ပျိုးကြရေး တာဝန်ရှိသူများအား မှာကြားပြီး တပ်ဖွဲ့ဝင် မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **စာမျက်နှာ ၃ ကော်လံ ၁** ✡







# မြန်မာနိုင်ငံ၏ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းအရှိန်အဟုန်မြှင့် အရည်အသွေးမီ အိုင်အိုဒင်းဆားထုတ်လုပ်စားသုံး အရှေ့ပိုင်းခရိုင် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အကြိုလှုပ်ရှား

**ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌွေးဝင်း အာဟာရ ချက်ပြုတ် ပြိုင် ပွဲ ကို ကြည့်ရှုအားပေးစဉ်။**

ဓာတ်ပုံ- သိန်းဝင်းလေး (မြန်မာ့အလင်း)

**ရန်ကုန် စက်တင်ဘာ ၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အကြိုလှုပ်ရှားမှု ဉာဏ်စမ်းပဟေဠိ၊ အချက်အပြုတ်ပြိုင်ပွဲနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စက်မှုဇုန်သုံးဇုန်မှ ရာသက်ပန်အသင်းဝင် အဆိုပြုလွှာ စုပေါင်းပေးအပ်ပွဲကို ယနေ့မွန်းတည့် ၁၂ နာရီက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် မြို့နယ်ခန်းမတွင်ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှဌွေးဝင်းနှင့် ဇနီး ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့ တက်ရောက်အားပေးပြီး ဆုများပေးအပ်ချီးမြှင့်သည်။

**စာမျက်နှာ ၇ ကော်လံ ၁** ■

# ခရီးသည်များ ပိုမိုအဆင်ပြေ လွယ်ကူသက်သာစွာသွားလာနိုင်ရေး ရန်ကုန်-မန္တလေးခရီးစဉ်၌ အထူးအမြန် လူစီးရထား စက်တင်ဘာ ၄ ရက်မှ စတင်ပြေးဆွဲမည်

နေပြည်တော် စက်တင်ဘာ ၁

**အများပြည်သူများ ခရီးသွားလာမှုနှင့် ကူးသန်းရောင်းဝယ်ဖောက်ကားမှု အဆင်ပြေ ချောမွေ့စေရေးအတွက် နိုင်ငံတော်က လမ်းတံတားများ၊ ဘူတာရုံများ၊ ဆိပ်ကမ်းနှင့် လေယာဉ်ကွင်းများကို အဆင့်မြှင့်တင်ခြင်း၊ တိုးချဲ့တည်ဆောက်ဖောက်လုပ်ပေးခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ကားလမ်း၊ ရထားလမ်း၊ ရေကြောင်းနှင့် လေကြောင်းလမ်းအသီးသီးတွင် ခရီးစဉ်သစ်များကိုလည်း တိုးချဲ့ပြေးဆွဲပေးလျက်ရှိသည်။**

စက်တင်ဘာ ၄ ရက်မှ စတင်ပြေးဆွဲမည်

**ယခုအခါ ရန်ကုန်နှင့် မန္တလေးကူးသန်းသွားလာနေကြသော ရထားစီးခရီးသည်များ တိုးတက်များပြားလာသည့်အလျောက် ခရီးသွားလာမှု ပိုမိုအဆင်ပြေ လွယ်ကူသက်သာစေရေးအတွက် မြန်မာ့မီးရထားက ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် အထူး အမြန် လူစီးရထားကို စက်တင်ဘာ ၄ ရက်မှ စတင်၍ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း သိရသည်။**

**ယင်းသို့ပြေးဆွဲရာတွင် ရန်ကုန်-မန္တလေး အထူးအမြန်လူစီးရထားသည် ရန်ကုန်ဘူတာကြီးမှ နေ့စဉ် ညနေ ၅ နာရီတွင်လည်းကောင်း၊ မန္တလေး-ရန်ကုန် အထူးအမြန် လူစီးရထားသည် မန္တလေးဘူတာကြီးမှ နေ့စဉ် ညနေ ၄ နာရီ ၁၅ မိနစ်တွင်လည်းကောင်း ထွက်ခွာမည်ဖြစ်ပြီး လမ်းခရီးတွင် ပျဉ်းမနားဘူတာ၌သာ ရပ်တန့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။**

(သတင်းစဉ်)